



# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု ဗျင်းကျေးရွာ၏ ကျေးရွာလက်စွဲစာအုပ်

CamScanner

## မှတ်တမ်းတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် တည်ရှိပြီး ရပ်ကွက်(၁၅)ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၅)အုပ်စု၊ ကျေးရွာပေါင်း(၂၆၄)ရွာရှိပြီး အကျယ်အဝန်း အားဖြင့် (၄၈၅.၈၅) စတုရန်းမိုင်ရှိပါသည်။ မြို့နယ်အတွင်း အစိုးရဆည်/ကန်(၆)ခုနှင့် ဒေသန္တရဖွံ့ဖြိုးရေး ဆည်/ကန်(၃)ခု၊ လျှပ်စစ်/ဒီဇယ်မြစ်ရေတင် ( )ခုရှိပါသည်။ ၁၀ နှစ် ပျမ်းမျှမိုးရွာရက် (၄၅) ရက်နှင့် မိုးရေချိန်(၂၆.၁၄) လက်မသာရှိ၍ ပူပြင်းခြောက်သွေ့သောဒေသဖြစ်သဖြင့် နွေရာသီတွင် သောက်သုံးရေရှားပါးသည့် ဒေသဖြစ်ပါသည်။ မြို့ပြတွင် စက်ရေတွင်း (၃၈၅၂)တွင်း၊ လက်တူးတွင်း (၂၇၁၈)တွင်း၊ သောက်ရေကန်(၄၁)ကန်၊ ကန်တော်ကန်(၁)ကန်၊ ကျေးလက်တွင် စက်ရေတွင်း (၁၂၉) တွင်း၊ လက်တူးတွင်း (၁၅၂၃)တွင်း၊ ရေကန်(၉၀)ကန်နှင့် တုံကန်ရေတွင်း (၆၂၃၀)တွင်းရှိပါသည်။

မြို့နယ်၏လူဦးရေ ၂၀၁၄ ခုနှစ် မေလကုန်အထိ(၂၉၂၃၈၆)ဦး မြို့ပြလူဦးရေ(၈၃၄၂၅)ဦး ၂၈.၅ရာခိုင်နှုန်း နှင့် ကျေးလက်နေလူဦးရေ(၂၀၈၉၆၁)ဦး ၇၁.၅ရာခိုင်နှုန်း နေထိုင်ကြပြီး ဆင်းရဲမှုရာခိုင်နှုန်းအနေဖြင့် ၂၀၁၀–၂၀၁၁ ခုနှစ်တွင် မြို့နယ်လူဦးရေ၏(၂၇.၀)ရာခိုင်နှုန်းရှိပြီး ၂၀၁၅–၂၀၁၆ ခုနှစ်တွင် မြို့နယ်လူဦးရေ၏ (၁၅.၀)ရာခိုင်နှုန်း ဖြစ်ပေါ်ရန်မျှော်မှန်းထားပါသည်။

နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက်အရ –

(၁) လယ်ယာကုန်ထုတ်မှုဖွံ့ဖြိုးတိုးတက်ရေး

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး

(၃) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၄) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၆) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး

(၇) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး

(၈) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့(NGO)များ၊ နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့(INGO)များ၊ ပြည်သူများပူးပေါင်းပါဝင်လျက် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပခုက္ကူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ NGO, INGO အဖွဲ့များ၏

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှု အရှိန်အဟုန်ရရှိနေသည်ကို မြင်တွေ့နေရပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဤကျေးရွာလက်စွဲစာအုပ်သည် ပခုက္ကူမြို့နယ်ရှိ လူဦးရေ(၇၁.၅)ရာခိုင်နှုန်းမှီတင်းနေထိုင်သော ကျေးလက်ဒေသနှင့် လူဦးရေ(၂၈.၅)ရာခိုင်နှုန်းနေထိုင်သော မြို့ပေါ်ရပ်ကွက်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကိုဗဟိုပြုသော ချဉ်းကပ်လုပ်ဆောင်နည်းလမ်းစဉ်ဖြင့် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရှိရေး၊ စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းများကို ရေတို၊ ရေလတ်၊ ရေရှည်လုပ်ငန်းစဉ်များ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးမားစွာအထောက်အကူပြုမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး

(အောင်နိုင်ဦး၊ ဗ/ ၅၄၀၁)

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပခုက္ကူမြို့။

# မာတိကာ


၁။ မိတ်ဆက်

၂။ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

၃။ မြေပုံများရေးဆွဲရခြင်းရည်ရွယ်ချက်

၄။ ကျေးရွာ၏ အခြေခံသတင်းအချက်အလက်အနှစ်ချုပ်

၅။ ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

၆။ ဈင်းကျေးရွာ၏ သမိုင်းအကျဉ်း

၇။ ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံအစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ တက်ရောက်သူစာရင်း

၈။ ကျေးရွာ၏ ရာသီခွင်ပြဇယား

၉။ ကျေးရွာ၏ ရာသီခွင်ပြဇယားအစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ တက်ရောက်သူစာရင်း

၁၀။ ကျေးရွာ၏ ရေရှားပါးခြင်းပြဿနာသစ်ပင်

၁၁။ ကျေးရွာ၏ ရေရှားပါးခြင်းပြဿနာသစ်ပင်အစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ တက်ရောက်သူစာရင်း

၁၂။ ကျေးရွာ၏ ရေရှားပါးခြင်းပြဿနာဖြေရှင်းနည်းပုံ

၁၃။ ကျေးရွာ၏ ရေရှားပါးခြင်းပြဿနာဖြေရှင်းနည်းအစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ တက်ရောက်သူစာရင်း

၁၄။ ကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်မြေပုံ

၁၅။ ကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်မြေပုံအစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ တက်ရောက်သူစာရင်း

၁၆။ ကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား

၁၇။ ကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယားအစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ တက်ရောက်သူစာရင်း

၁၈။ ကျေးရွာ၏ လိုအပ်ချက်အဆင့်ဆင့်နှိုင်းယှဉ်ပြဇယား

၁၉။ ကျေးရွာ၏ လိုအပ်ချက်နှိုင်းယှဉ်ပြဇယား အစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ တက်ရောက်သူစာရင်း

၂၀။ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ အခြေအနေတင်ပြချက်

၂၁။ ကျေးရွာ၏ အမျိုးသမီးဆိုင်ရာ သုံးသပ်ခြင်း /ဆန်းစစ်ခြင်း စက်ဝိုင်းပုံ

၂၂။ ကျေးရွာ၏ အမျိုးသမီးဆိုင်ရာသုံးသပ်ခြင်း/ဆန်းစစ်ခြင်းအစီရင်ခံစာ၊အစည်းအဝေးမှတ်တမ်း၊ တက်ရောက်သူစာရင်း


CamScanner

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏လူမှုရေး၊ စီးပွားရေး၊ပညာရေး၊အခြေအနေ အရပ်ရပ်တို့နှင့် သဘာဝဘေးအန္တရာယ်အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို ရွာသူရွာသားတို့ ကိုယ်တိုင်ကျေးရွာအတွင်းစကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သောအကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီးငှင်းအချက်အလက်များကိုအခြေခံ၍မိမိတို့ကျေးရွာတိုးတက်ဖွံ့ဖြိုးလာ စေရန်လိုအပ်ချက်များကိုသတ်မှတ်ဖော်ထုတ်ကာမည်ကဲ့သို့ရရှိအောင်ကြံဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသောလိုအပ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်ကိုရေးဆွဲကြခြင်းဖြစ်သော ကြောင့်မိမိတို့ကျေးရွာ၏ရည်မှန်းချက်ပန်းတိုင်ကိုသတ်မှတ်ဖော်ထုတ်ထားသောအစီအစဉ်များဖြစ် သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်းစကားဝိုင်းနှင့်ဆွေးနွေးပွဲများပြုလုပ်ကာမှတ်တမ်းပြုစုသူများ မှာလည်း ဤကျေးရွာမှပင်ဖြစ်ကာယခုကဲ့သို့မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း ActionAid (INGO) အဖွဲ့မှသင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးရွာလက်စွဲစာအုပ်သည် သဘာဝဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင် ကာကွယ်ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျှော့နိုင်သည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင် လာနိုင်ရန်လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် သဘာဝဘေးကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင်ထိခိုက်ဆုံးရှုံးရမှုများကိုလျှော့နည်း သက်သာစေမည်လည်းဖြစ်ပါသည်။

ဤကဲ့သို့တစ်ရွာလုံး၏အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကိုတစ်နေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူဖတ်ရှု၍ သိရှိနိုင်ကာရေရှည်၌မိမိတို့၏တစ်ဦးချင်း၊ မိသားစုနှင့်တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက် အန္တရာယ်တို့ လျော့နည်းကာ တစ်ရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစုတင်ပြအပ်ပါသည်။

ဦးအောင်မင်းနိုင်

ညှိနှိုင်းရေးတာဝန်ခံ

(အပူပိုင်းဇုံဒေသစီမံကိန်း)

အက်ရှင်အေဒ်(မြန်မာ)

CS CamScanner

စာအမှတ် ——
ရက်စွဲ ——

# ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကိုသေသေချာချာနားလည်သဘောပေါက်လာခဲ့ပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်း တွင်ပါ အချက်အလက်များသည် ယခင်နှင့် ယခုနှိုင်းယှဉ်ပြီး သင်ခန်းစာယူစရာများ၊ ကြိုတင် သတိမူစရာ များနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်တတ်သိ ပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်း များနှင့်လည်းကောင်း ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည့်လည်း ဖြစ်ပါသည်။

အထူးမှာ ...... ယခုကဲ့သို့ ကျေးရွာသူ ကျေးရွာသားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးကို အများအပေါင်းနည်းတူဖြင့် ရေတိုရော ရေရှည် မှာပါ ပို၍ ထိရောက်အောင်မြင်မှာမလွဲမသွေဖြစ်ပါသည်။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစား ဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်လူငယ် ဒေါ်အမာကြည်၊ ဒေါ်အေးသွန်း၊ ဒေါ်တာတာမိုးနှင့် ကျေးရွာသူ ကျေးရွာသားများ၊ အက်ရှင်အေ့ဒ် (မြန်မာ) မှ ကွင်းဆင်းဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တတ်သိပညာရှင်များပင် ဖြစ်ပါတော့သည်။

၁၁၆၊၆၉

ကျေးရွာအုပ်ချုပ်ရေးမှူး

ရှိုင်ကျေးရွာအုပ်စု၊ ရှင်းကျေးရွာ

ပခုက္ကူမြို့နယ်၊

# မြေပုံများရေးဆွဲရခြင်း၏ရည်ရွယ်ချက်

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

## ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

CamScanner

ကျေးရွာ၏ ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့်အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာအသီးအပွင့်များကို သိရှိနားလည်လာပြီး ၄င်းပြဿနာသစ်ပင်ပေါက်ပွားမှုအားမျိုးသုန်းပျောက်ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့်မျိုးစေ့များကိုဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ"ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်းအကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်" ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်" ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျသိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆနည်းလမ်းရ" ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

အိပ်မက်မြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- အိပ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၄င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွား ပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝ ဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူ နိုင်ရန် နှင့်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိ နေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့်ကြိုတင်ပြင်ဆင် ကာကွယ်ခြင်းနည်းလမ်းများကိုရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုး ဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက် သွယ်ရေးမကောင်းရမှု၊ ပညာရေးနှောင့်နှေး ရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ် စေနေသည့်ကို ထင်ရှားသိစေရန်။

- ၄င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများ တည်းဟူသော မိုးပျံပူပေါင်းများက ဆွဲ မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှား လျက် အထက်သို့ပေါ့ပါးစွာရန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့်နားလည်စေခြင်း။
- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

# ကျေးရွာအခြေခံသတင်းအချက်အလက်အနှစ်ချုပ်

ကျေးရွာအမည် - ဗျင်းကျေးရွာ

ကျေးရွာအုပ်စု - ချိုင်အုပ်စု

မြို့နယ် - ပခုက္ကူမြို့နယ်

| | | | |
|---|---|---|---|
| လူဦးရေစုစုပေါင်း | (က) ၄၁၃ | (မ) ၆၈၀ | ၁၀၉၃ |
| မိသားစု စုစုပေါင်း | ၁၉၈ | | |
| အိမ်ခြေစုစုပေါင်း | ၁၇၅ | | |

| | |
|---|---|
| သက်ကြီးဦးဆောင်သော မိသားစု စုစုပေါင်း | ၁၅ |
| အမျိုးသမီးဦးဆောင်သော မိသားစု စုစုပေါင်း | ၂၀ |
| မသန်စွမ်းဦးဆောင်သော မိသားစု စုစုပေါင်း | ၇ |

၀ မှ ၅ နှစ်အောက် - ၅၀

၅ နှစ်မှ ၁၃ နှစ်အောက် - ၂၅၀

၁၃ နှစ်မှ ၁၈ နှစ်အောက် - ၂၀၀

၁၈ နှစ်မှ ၆၀နှစ်အောက် - ၄၉၃

၆၀နှစ်နှင့် အထက် - ၁၀၀

အဓိကအသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သော ပိုင်ဆိုင်မှုများ

ဆိုင်ကယ် - ၄၅

ဖုန်း - ၅၅

နွားလှည်း - ၁၅ ရှဉ်း

တီဗွီ-ဗွီဒီယို - ၂၅

စက်ဘီး - ၇၀

ကြို့လ်တုစလောင်း - ၅

ထန်းပင်အရေအတွက် - ၅၀၀၀ ပင်

နွားစာစဉ်းစက် - ၃

အပ်ချုပ်စက် - ၁၀

ကား (ထော်လာဂျီ) - ၁ စီး

မွေးမြူရေးသီးသန့်လုပ်ကိုင်သူ - ၁၅

CamScanner

ပညာရေးအခြေအနေ

| | | |
|---|---|---|
| ဘွဲ့ရ | - | (၁၆)ဦး |
| အထက်တန်းပညာတက်ရောက်ဖူးသူ | - | (၄၅)ဦး |
| အလယ်တန်းပညာတက်ရောက်ဖူးသူ | - | (၉၀)ဦး |
| မူလတန်းပညာတက်ရောက်ဖူးသူ | - | (၂၈၅)ဦး |
| ဘ.က ပညာရေးတက်ရောက်ဖူးသူ | - | (၃၀)ဦး |
| (ကျောင်းပြင်ပ) စာရေးဖတ်တတ်သူ | - | (၅၀)ဦး |

ကျန်းမာရေး

| | | |
|---|---|---|
| တီဘီရောဂါ | - | (၇)ဦး |
| နာတာရှည်ရောဂါ | - | (၄)ဦး |
| မသန်စွမ်းရောဂါ | - | (၇)ဦး |

ဝန်ဆောင်မှုနှင့် အစိုးရဝန်ထမ်းများ

| | | |
|---|---|---|
| အရပ်လက်သည် | - | (၃)ဦး |
| ကျောင်းဆရာ/ ဆရာမ | - | (၁)ဦး |
| စက်ဘီး/ ဆိုင်ကယ်ပြင် | - | (၁)ဦး |

မွေးမြူရေးပိုင်ဆိုင်မှုများ

| | | |
|---|---|---|
| ဝက် | - | (၁၅)ကောင် |
| ကြက် | - | (၁၅၀)ကောင် |
| နွား(နိုင်း) | - | (၃၀)ကောင် |
| နွား(မွေး) | - | (၉၅)ကောင် |
| ဆိတ် | - | (၁၅၀)ကောင် |
| သိုး | - | (၇၅)ကောင် |

ရွှေ့ပြောင်းလုပ်ကိုင်သူဦးရေ

| | | |
|---|---|---|
| ပြည်ပ | - | (၁၀)ဦး |
| ပြည်တွင်း | - | (၃၅)ဦး |

စိုက်ပျိုးမြေပိုင်ဆိုင်မှု (ဧက)

| | | |
|---|---|---|
| ယာမြေ | - | (၃၅၀)ဧက |
| ပလပ်မြေ/ ကျစ်မြေ | - | (၁၀၀)ဧက |

သောက်ရေနှင့် စိုက်ပျိုးရေရရှိမှု

| | | |
|---|---|---|
| သောက်ရေကန် | - | (၁)ကန် |
| ရေတွင်း(အဝီစိ) | - | (၂)တွင်း |

အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည်


| | | |
|---|---|---|
| ထန်းလုပ်သား | - | (၃၀)ဦး |
| လက်သမား/ပန်းရံ | - | (၉)ဦး |
| အကြော်/ ပဲပြုတ် | - | (၅)ဦး |
| ဟင်းသီးဟင်းရွက် | - | (၂)ဦး |
| ကုန်စုံဆိုင်(အသေး) | - | (၃)ဦး |
| အရက်ဆိုင် | - | (၁)ဦး |

CamScanner

၁၃၇၇ - ခုနှစ် (11- 6 - 2015)

| | | |
|---|---|---|
| ဗျင်းကျေးရွာ အိမ်ခြေဦးရေ | - | (၁၇၅)ဦး |
| အိမ်ထောင်စုပေါင်း | - | (၁၉၈)ဦး |
| လူဦးရေစုစုပေါင်း | - | (၁၀၉၃)ဦး |
| အမျိုးသားဦးရေ | - | (၄၁၃)ဦး |
| အမျိုးသမီးဦးရေ | - | (၆၈၀)ဦး |
| တောင်သူဦးရေ | - | (၁၀)ဦး |
| ထန်းတက်ဦးရေ | - | (၃၀)ဦး |
| ထန်း၊ တောင်သူတွဲဖက်ဦးရေ | - | (၇၀)ဦး |
| ကျပန်းဦးရေ | - | (၅၀) ဦး |
| မွေးမြူရေးဦးရေ | - | (၁၅)ဦး |
| နာတာရှည်ရောဂါသည်ဦးရေ | - | (၄)ဦး |
| မသန်စွမ်းသူ | - | (၇)ဦး |
| အမျိုးသမီးဦးဆောင် | - | (၂၀)ဦး |
| သက်ကြီးဦးဆောင် | - | (၁၅)ဦး |

CamScanner



၆၀၇-၅-၆

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာ၏ သမိုင်းအကျဉ်း

Date 7-6-2014

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စုတွင် ကျေးရွာ(၅)ရွာရှိသည့်အနက်(၁)ရွာ အပါအဝင်ဖြစ်သည့် ဗျင်းကျေးရွာ၏ သမိုင်းအကျဉ်းမှာ .............

ဗျင်းကျေးရွာ၏ ပြောင်းရွှေ့နေထိုင်မှုနှင့် အခေါ်အဝေါ်ပြောင်းလဲမှုများကို ဉာဏ်မီသမျှ စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

အနော်ရထာမင်းတည်ဆောက်ထားတော်မူသော ကန်တော်ကြီးရှိစဉ်က ကန်တော်ထိပ်(ဘောင်) ထိပ်များတွင် ရွှေဘုံသာစေတီ(၄)ဆူကို အများပြည်သူများ ဖူးမျှော်ကြည်ညိုနိုင်ရန် တည်ထားပေးတော်မူခဲ့ပါသည်။

၎င်းစေတီများမှာ မိုက်ပင်ကုန်းကျေးရွာအနီးတွင်(၁)ဆူ၊ ကန်ပေါက်ဇီးကုန်းကျေးရွာ မြောက်ဘက်တွင် (၁)ဆူ၊ ချိုင်ကျေးရွာအနောက်ဘက် ဗျင်းကျေးရွာ၏တောင်ဘက်တွင် (၁)ဆူ၊ စဘော အရှေ့စု အရှေ့ဘက်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် (၁)ဆူ ရှိတော်မူခဲ့လေသည်။ ၎င်းစေတီ(၄)ဆူရှိသည့်အနက်က ချိုင်ကျေးရွာ၏ အနောက်ဘက်ဗျင်းကျေးရွာ၏ တောင်ဘက်စေတီမှာ ထူးထူးခြားခြားရွှေဘုံသာ ငွေဘုံသာဟူ၍ သမိုင်းဝင်သောစေတီ၏ အနောက်ဘက်တွင်တည်ရှိသောကြောင့် ဘုရားစေတီကို နီးစပ်ရွာအစွဲပြု၍ ရွှေဘုံသာရွာဟု ပထမဆုံးအနေနှင့် ရွာတည်ခဲ့ကြပါသည်။

မှတ်ချက်။ ။ (ယခုလက်ရှိထိ ဗျင်းကုန်းဟု နည်းမည်ခေါ်ဝေါ်ကြောင်း)

ထို့နောက် မင်းအဆက်ဆက် လက်ထက်တွင် ကျေးရွာ၏ အခြေအနေမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိ၍ ရွှေဘုံသာကျေးရွာ၏ အိမ်ခြေနှင့် လူဦးရေများမှာ အစိပ်စိပ်အမွှာမွှာ ကွဲသွားကြပြီး နီးစပ်ရာကျေးရွာများသို့သော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ပြောင်းရွှေ့နေထိုင်ကြသော အိမ်ထောင်အများစုသည် ယခုလက်ရှိကျေးရွာ၏ (၁)ဖာလုံခန့်အကွာတွင် သမန်ကျိုင်းမြေယာကို အစွဲပြု၍ (သမန်းကျိုင်း)ဟု ထပ်မံပေါ်ပေါက် ခဲ့ပါသည်။

သမန်းကျိုင်းမျိုး မီးခြစ်တစ်ပုံး မောင်းတစ်လုံးဟူ၍ ပြောဆိုစမှတ်ရှိကြရာဝယ် (မီးခြစ်) (ခြေနင်းမောင်းဆုံ)ကို ဆိုလိုခြင်းဖြစ်သည်။

ယခုလက်ရှိကျေးရွာ ရွာလယ်ကျောင်းတိုက်၏အရှေ့ဘက်တွင်လည်း သမန်းကျိုင်းရွာမှ ပြောင်းရွှေ့လာသူများဟု ယခင်ကကြားသိရပါသည်။

အထက်ပါအကြောင်းအရာနှင့် စပ်လျဉ်းပြီး သုံးသပ်ရလျှင် ဌားရမ်းမှုမပြုလုပ်ရန်နှင့် ကိုယ်ပိုင် (အသုံး)(အဆောင်)များနှင့် နေထိုင်ကြသည်ကို တွေ့ရှိရပါသည်။

ထိုမှတဆင့် သမန်းကျိုင်းရွာသည် ရွှေမြင်တင်ဂေါ်စဂါမ် ကျတ်(၁၀)ရွာတွင် တစ်ရွာအပါအဝင် ဖြစ်ပြီး သမန်းကျိုင်းရွာသည် ရွှေမြင်တင်မြတ်စွာဘုရား၏ နယ်နိမိတ်နှင့် မလွတ်ကင်းသည့်အတွက် ဘုရားနယ်နိမိတ်နှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြမည်ဟု ပြောင်းရွှေ့လာရာ ယခုလက်ရှိ ဗျင်းကျေးရွာသည် ရွှေမြင်တင်မြတ်စွာဘုရား၏နယ်နိမိတ်(ပြင်ပ) ပြင်ရွာဟု ပြောဆိုခဲ့ကြသည်။ အစအနောက် ပြောဆိုသူများမှ (ပြင်)ရွာမှတဆင့် (ပျင်း)ရွာမှ ထိုမှတဆင့် ခေတ်ကာလရွှေ့လျားမှုနှင့်အမျှ အခေါ်အဝေါ် ပြောင်းလဲကာ ယခုအခါတွင် (ဗျင်းကျေးရွာ)ခေါ်တွင်သမုတ်သော အမည်နှင့် တိုင်း၊ မြို့နယ်တို့တွင် ခေါ်ဆို ပါကြောင်း-

သုံးသပ်ချက်။ ။ အထက်ပါတို့ကို သုံးသပ်ကြည့်ပါက ဘာသာတရားကိုင်းရှိုင်းမှုကို ပေါ်လွင်စေပါသည်။

မှတ်ချက်။ ။ အသက်ကြီးသော ပုဂ္ဂိုလ်များကို/ ကိုးကားပြီးပြုစုထားခြင်းဖြစ်သည်။

သန်းငွေ

သမိုင်းပြုစုသူ

ချိုင်အုပ်စု ၊ အုပ်ချုပ်ရေးမှူး (ဗျင်း)

CamScanner

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာ၏
# လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံအစီရင်ခံစာ

ရက်စွဲ။ 7-6-2014

ဗျင်းကျေးရွာ၏ ထူးခြားမှုတစ်ခုမှာ ၁၃၆၃-ခု တပို့တွဲလဆန်း (၆)ရက်နေ့ ညနေ (၆)နာရီအချိန်တွင် ဗျင်းကျေးရွာသည် ရေရှားပါးခြင်းဖြစ်သဖြင့် ဗျင်းရွာ၏အနောက်တောင်ဘက်တွင် ရေကန်ကြီးကို အမှီပြု၍ သောက်သုံးရေကို ဗျင်းကျေးရွာမှ လူနှင့် တိရစ္ဆာန်များသုံးစွဲ သောက်သုံးခြင်းဖြစ်ပါသည်။ ဗျင်းကျေးရွာမှ ဦးဌေးလွင် + ဒေါ်မြိုင်သေး ၏ သားဖြစ်သူ မောင်အောင်လင်းသည် ရေကန်တွင် ရေခပ်သွားရင်း ရေကန်အနီး၌ ညောင်ပင်ကြီး တစ်ပင်ရှိပါသည်။ ထိုညောင်ပင်ကြီးအောက်မှ ပြောင်ပြောင်ရွှေရောင်နှင့်တူသော ညောင်ရွက်တစ်ခုကို မောင်အောင်လင်းသည် ရေခပ်သွားရာမှ တွေ့ရှိခဲ့ပါသည်။ နံနက်လင်းပြီး ကျပ်ပြည့်စာသင်ကျောင်းသို့ ကျောင်းသွား သည့်အခါ ဆရာဆရာမများအား ပြခဲ့ပါသည်။ ရှင်းနောက်ရွာဦးဘုန်းတော်ကြီး ဦးဉာဏအား ပြသခဲ့ရာ ဘုန်းတော်ကြီးမှ ထူးခြားသဖြင့် အနီးအနား၏ သံဃာတော် အကြီးအကဲများ၊ အုပ်ချုပ်ရေးဆိုင်ရာ ရပ်မိရပ်ဖများနှင့် တိုင်ပင်ခဲ့ပါသည်။ ဆွေးနွေးပြီး ပခုက္ကူမြို့နယ်တခွင်တွင် သတင်းပြန့်ပွါးသဖြင့် ကမ္ဘစခန်းမှူးနယ်မြေတာဝန်ခံ ဦးသောင်းလှ+ဒေါ်လေးလေးညွန့် မှ ကြီးကြပ်၍ ပခုက္ကူတပ်မ (၁၀၁) ဗိုလ်မှူးချုပ် ခင်မောင်ထွန်း+ဒေါ်တင်တင်အေး မိသားစုနှင့် ရေနံချောင်းမြို့ (ကုန်သည် အရှေ့တိုင်း) ဦးအောင်သန်း+ဒေါ်ခင်သန်းဦး မိသားစုတို့ ပူးပေါင်း၍ အံ့ဖွယ်ထူးခြား သော ညောင်ရွက်ဘုရားကို ရွှေထီးတော်တင်ခဲ့ပါသည်။ ထို့ကြောင့်နှစ်စဉ်နှစ်တိုင်း တပို့တွဲလဆန်း (၅)(၆)ရက်နေ့တွင် အနီးအနား၏ ကျေးရွာများနှင့်အတူ အံ့ဖွယ်ထူးခြားပေါ်တော်မူ ညောင်ရွက်ဘုရားကို ထုံးသိသာသော (၅၅)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ ခြိမ့်ခြိမ့်သဲသဲ စည်စည်ကားကားဖြင့် ကျင်းပ ခဲ့ကြပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာတွင် အိမ်ခြေ (၁၇၅)၊ လူဦးရေ (၁၀၉၁)ဦးရှိပြီး မိသားစုပေါင်း (၁၆၈)စုရှိပါသည်။ ကျားဦးရေ (၄၁၁)ဦးနှင့် မဦးရေ (၆၈၀)ဦး ရှိပါသည်။ ဗျင်းကျေးရွာသည် ပခုက္ကူမြို့နှင့် မိုင်(၂၀)ကွာဝေးပါသည်။ ဗျင်းကျေးရွာသည် ကန်စောက်ကျေးရွာ၊ ချိုင်ကျေးရွာ များနှင့် (၁)မိုင် ကွာဝေးပါသည်။ အနီးအနား၏ ကျေးရွာများမှာ ကျတ်တိုးကျေးရွာ၊ ရွှေကုန်းကျေးရွာများဖြစ်ပါသည်။ ဗျင်းကျေးရွာသည် ယာမြေလုပ်ငန်းနှင့် အခြားလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ဗျင်းကျေးရွာ၏ အဓိကစီးပွားရေး လုပ်ငန်းများမှာ ယာမြေလုပ်ငန်းနှင့် ထန်းတက်လုပ်ငန်းတို့တွဲဖက်၍ လုပ်ကိုင်ကြပါသည်။ ဗျင်းကျေးရွာ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်လေးမျက်နှာတွင် ယာမြေများ၊ ထန်းပင်များရှိသဖြင့် ယာမြေလုပ်ငန်းနှင့် ထန်းတက်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။

တောင်သူဦးရေ (၁၀)ဦးရှိပြီး ထန်းတက်လုပ်ငန်းဦးရေ (၃၀)ဦး၊ ကျပန်းဦးရေ (၅၀)ဦး၊ တောင်သူ လုပ်ငန်းနှင့် ထန်းတက်လုပ်ငန်း တွဲဖက်ဦးရေ (၇၀)ဦး နှင့် ရွှေ့ပြောင်းလုပ်သားဦးရေ (၈၀)ဦးခန့် ရှိပါသည်။

## ဗျင်းကျေးရွာ၏ လူမှုရေး

လူမှုရေးနှင့် ပတ်သက်သော ဘာသာရေး၊ သာသနာရေး၊ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ နှစ်စဉ် နှစ်တိုင်းလောက် ပြုလုပ်ကြပါသည်။ အမျိုးသမီးများဝတ်အသင်းဖွဲ့၍ ဘာသာရေးကို အထူးအရေးပေး ဆောင်ရွက် ကြပါသည်။

## ဗျင်းကျေးရွာ၏ စီးပွားရေးအလွှာ

စီးပွားရေးအလွှာတွင် တောင်သူယာမြေလုပ်ငန်းနှင့် ထန်းတက်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်ပြီး သင့်တင့်သော စားဝတ်နေရေးအား ပြေလည်ရှန်းကန်စားသောက်ကြပါသည်။ အချို့အိမ်ထောင်စုများလည်း မွေးမြူရေးလုပ်ငန်းနှင့် ကုလီ-ကျပန်း အလုပ်များကို လုပ်ကိုင်စားသောက်ကြပါသည်။ ရွာမှထန်းလုပ်ငန်းပြီးလျှင် တခြားမြို့ရွာဒေသဖြစ်သော သားနဲ့မြို့သို့ အများအားဖြင့် သွားရောက်လုပ်ကိုင် စားသောက်ကြရပါသည်။ သားနဲ့မှာလည်း ထန်းတက်လုပ်ငန်းလုပ်ပြီး စားဝတ်နေရေးအတွက်လုပ်ဆောင်နေရပါသည်။ ယာလုပ်ငန်းမှာလည်း

CamScanner

မိုးရွာသွန်းမှုနည်းပါးသည့်အတွက် ယာမြေမှ သီးနှံထွက်ကုန်ပစ္စည်းများ နည်းပါးသည့်အတွက် လူအများစုမှာ စီးပွားရေးကျပ်တည်းမှုနှင့် ရင်ဆိုင်နေရပါသည်။ ထန်းပင်များမှာလည်း မိုးရွာသွန်းမှုနည်းပါးသည့်အတွက် ထန်းပင်မှ ထန်းသီး၊ ထန်းနို့ခိုင်များ အထွက်နည်း၍ ထန်းလျက်ကျိုချက်ရာမှာ နည်းပါသည့်အတွက် စားဝတ်နေရေး အဆင်မပြေ၍ တခြားမြို့ရွာဒေသသို့သွား၍ ကြုံရာကျပန်းလုပ်ကိုင်စားသောက်ကြရပါသည်။

ဗျင်းကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးကဏ္ဍ

အမျိုးသားနှင့် အမျိုးသမီးလုပ်ငန်းပိုင်းဆိုင်ရာမှာ ခွဲခြားမှုမရှိဘဲ တန်းတူညီတူ အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ဗျင်းကျေးရွာ၏ ပညာရေးကဏ္ဍ

ဗျင်းကျေးရွာ၏ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ဗျင်းကျေးရွာသည် ယခင်က ကျောင်းသူ၊ ကျောင်းသားများသည် ဘုန်းတော်ကြီးကျောင်း(ဘ.က)ကျောင်းမှာနေ၍ အောင်မြင်ပြီး ဗျင်းကျေးရွာမှ (၅)မိုင်ကွာဝေးသော ကမ္ပ၊ မြစ်ခြေကျောင်းသို့ သွားရောက်ပညာသင်ယူရပါသည်။ ဗျင်းကျေးရွာရှိ မူလတန်း အ.မ.က (၁၃၁) ကျောင်းကို (၁၉၈၃)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်ပြီး အလယ်တန်းကျောင်းကို ဗျင်းကျေးရွာမှ (၂)မိုင်အကွာရှိ ကျပ်ပြည့်ကျောင်းသို့ အလယ်တန်းပညာကိုသွားရောက် ပညာသင်ယူရပါသည်။ ၎င်းနောက် ကျပ်ပြည့်အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းအဖြစ် တွဲဖက်၍ဖွင့်လှစ်ပါသည်။ တွဲဖက်ကျောင်းဖြစ်၍ ဒသမတန်းစာမေးပွဲကို မြစ်ခြေ အ.ထ.က ကျောင်းသို့ သွားရောက်ဖြေဆိုခဲ့ရပါသည်။ ၎င်းနောက် ကျပ်ပြည့်အလယ်တန်း-အထက်တန်းတွဲဖက်မှ ကျပ်ပြည့်အထက်တန်းကျောင်းကို (၂၀၁၃)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယခုဗျင်းကျေးရွာရှိ ကျောင်းသူ ကျောင်းသားများသည် ကျပ်ပြည့်အထက်တန်းကျောင်းသို့ သွားရောက်ပညာဆည်းပူးရပါသည်။ ဗျင်းကျေးရွာတွင် အခက်အခဲများစွာကြားမှ ကြိုးစားပညာသင်ယူကြ၍ ဘွဲ့ရလူငယ် (၁၆)ဦးရှိပါသည်။

ဗျင်းကျေးရွာ၏ ကျန်းမာရေးကဏ္ဍ

ဗျင်းကျေးရွာသည် ကျန်းမာရေးနှင့် ပတ်သက်၍ ရွာသူ၊ ရွာသားများသည် မြစ်ခြေ-ကမ္ပ-ပခုက္ကူမြို့ ဆေးရုံသို့ ဆိုးဆိုးဝါးဝါး ရောဂါဖြစ်လျှင် သွားရောက်ကုသရပါသည်။ ဗျင်းကျေးရွာမှ မြစ်ခြေ-ကမ္ပ မိုင် (၅)မိုင်ကွာဝေးပြီး ပခုက္ကူမြို့နှင့် ဗျင်းရွာ မိုင်(၂၀)ကွာဝေးပါသည်။ ဗျင်းကျေးရွာရှိ ရွာသူရွာသားများသည် ဖျားနာခြင်း၊ နာစေး၊ ခေါင်းကိုက်စသည့် ရောဂါများကို ချိုင်ကျေးရွာဆေးခန်းသို့လည်း သွားရောက်ကုသရပါသည်။ ချိုင်ရွာမှ ဗျင်းရွာ မိုင်(၁)မိုင်သာသာ (၂)မိုင်အေးအေး ကွာဝေးပါသည်။

ကျန်းမာရေးနှင့် ပတ်သက်ပြီး ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့မှ Save the children ဖွဲ့စည်းပေးသော ကျန်းမာရေးဗဟုသုတပညာပေး၊ (၅)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်ရေး ကူညီဆောင်ရွက်ပေးရန် ဗျင်းကျေးရွာမှ အဖွဲ့လည်းရှိပါသည်။ Save the children မှ ဖွဲ့စည်းပေးသော ကျန်းမာရေးအဖွဲ့မှ ဗျင်းကျေးရွာရှိ ရွာသူရွာသားများအား မကြာခဏပညာပေး ဟောပြောပွဲများ ရုပ်လုံးကားချပ်နှင့် ရုပ်ပုံများပြ၍ ဟောပြောပွဲများပြုလုပ်ပြီး ကျန်းမာရေးအသိပညာပေးများ ပြုလုပ်ကြပါသည်။ (၅)နှစ်အောက် ကလေးများကိုလည်း ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းနှင့် သာမန်နမိုးနီးယားရောဂါများ အတွက် Save the children အဖွဲ့အစည်း (ကျန်းမာရေးအဖွဲ့အစည်း)မှ ပေးသော ပါရာစီတမော၊ ဇင့် ၊ ဓာတ်ဆား၊ ကိုယ်ထရိုင်မောက်ဇဆော စသည့်ဆေးများဖြင့် ဗျင်းကျေးရွာရှိ (၅)နှစ်အောက် ကလေးများကို ကုသရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအားလုံးကိုလည်း သံဓာတ်ဆေးပြားများတိုက်ကျွေးပါသည်။ ဗျင်းကျေးရွာသည် ယခင်က ကျန်းမာရေးအတွက် အခက်အခဲဖြစ်ခဲ့ရပါသည်။ ယခင်ကဆေးရုံသွားမည်ဆိုလျှင် လမ်းပန်းဆက်သွယ်ရေး မကောင်း၊ ယာဉ်ကြီး၊ ယာဉ်ငယ်မရှိဆိုသည့်အတွက် လှည်းယာဉ်များနှင့်သွားရောက်ကုသရပါသည်။ လှည်းများနှင့် မောင်းနှင်သွားရခြင်းမှာ နှောင့်နှေးကြန့်ကြာ၍ အသက်များဆုံးရှုံးမှု များခဲ့ရပါသည်။ ယခုဆိုလျှင် ယာဉ်လေးများရှိပြီး ကျန်းမာရေးအတွက် ရွာသူ၊ ရွာသားများ ရွာမှကျန်းမာရေးအဖွဲ့အစည်းရှိ၍ အထောက်အကူ ပံ့ပိုးကူညီ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းမှ ကူညီဆောင်ရွက်ကြိုးစားအားထုတ် လုပ်ကိုင်ပြီး ဗျင်းကျေးရွာရှိ ရွာသူ၊ရွာသားများ

CamScanner

ကျန်းမာရေး အသိပညာများ သိသင့်သလောက် ပညာဗဟုသုတ ရရှိပါသည်။ ဖျင်းကျေးရွာတွင် နာတာရှည်ရောဂါသည် (၄)ဦးနှင့် မသန်စွမ်းသူ (၇)ဦးရှိပါသည်။ အမျိုးသမီးဦးဆောင် (၂၀)ဦးနှင့် သက်ကြီးဦးဆောင် (၁၅)ဦးရှိပါသည်။

ဖျင်းကျေးရွာ၏ အားနည်းချက်မှာ ဖွံ့ဖြိုးမှုနည်းပါး၍ ဆင်းရဲနွမ်းပါးသော ကျေးရွာလေးဖြစ်ပါသည်။ ဖျင်းကျေးရွာတွင် ရေစက်တွင်း(၃)တွင်းရှိပြီး အစိုးရတူးဖော်ပေးသော ရေစက်တွင်းကြီးမှာ ပျက်နေပြီး ကုန်ကျစရိတ်များသောကြောင့် ပြင်ဆင်ခြင်းမရှိသေးပါ။ ကျန်စက်ရေတွင်း (၂)တွင်းမှာ (၁)တွင်းသည် အာဒရာ မြန်မာအဖွဲ့မှ တူးဖော်ပေးသော ရေတွင်းဖြစ်ပါသည်။ ကျန်ရေစက်(၁)တွင်းမှာ ပြင်ပပုဂ္ဂလိကမှ လှူဒါန်းထားသော ရေတွင်းဖြစ်ပါသည်။ အာဒရာ မြန်မာအဖွဲ့မှ တူးဖော်ပေးသော ရေတွင်းမှာ ကြာရှည်စွာမောင်း၍မရပါ။ အဘယ်ကြောင့်ဆိုသော် ကြာရှည်စွာမောင်းလျှင် စက်၏လေအိုးသည် ပူချစ်ပြီး ကြာရှည်စွာမောင်းမရသည့်အတွက် ရေမလုံလောက်၍ ရေများအခက်အခဲရှိလျက်နေပါသည်။ နောက်ပုဂ္ဂလိကမှ လှူဒါန်းထားသော ရေတွင်းမှာလည်း လျှပ်စစ်မီးအား မမှီသောကြောင့် မီးလာလျှင်လည်း လျှပ်စစ်မီးလာတိုင်း မောင်းမရသည့်အတွက် ရေအခက်အခဲကြုံတွေ့နေရပါသည်။ လျှပ်စစ်မီးအား မှီသောအချိန်မောင်းသောအခါ ည-နံနက် (၁-၂)နာရီမှ ရေမောင်း၍ရေသောက်သုံးသူအများစုမှာ ရေသုံးစွဲဖို့ရာ အိပ်ရေးပျက်ခံပြီး ရေကို အလှည့်ကျနင့်ခပ်၍ လူတစ်ဦးလျှင်ရေ(၁)ထမ်းရရှိဖို့ရာ (၁း၃၀)နာရီသော်လည်းကောင်း၊ (၂)နာရီသော်လည်းကောင်း အချိန်ကြာရှည်စွာ စောင့်ခပ်နေရပါသည်။ ထိုစက်ရေတွင်း(၂)တွင်းမှ ရေအလုံအလောက်မရရှိပါ၍ ရေအတွက် အလုပ်တစ်ခု လုပ်နေရပါသည်။ ယာမြေလုပ်ငန်း၊ ထန်းတက်လုပ်ငန်းအလုပ်များ လုပ်ကိုင်ရာမှာ နှောင့်နှေးခြင်း၊ ပညာရေးမှာလည်း နှောင့်နှေးခြင်း၊ စားဝတ်နေရေးမှာလည်းနှောင့်နှေးခြင်း လူမှုရေးမှာလည်း ဒည့်ဝတ်မကျေခြင်း၊ ကျန်းမာရေးကပါစ၍ စသည့်ခပ်သိမ်းလူအများစုများမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပြီး ရေလုံလုံလောက်လောက်မရရှိ၍ တကိုယ်ရေသန့်ရှင်းမှုမရှိ၍ ကျန်းမာရေးပါ ထိခိုက်နိုင်ပါမည်။

# အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| နေ့စွဲ | - | ၇-၆-၂၀၁၄ |
| အချိန် | - | နေ့လည် (၁)နာရီ |
| နေရာ | - | အုပ်ချုပ်ရေးမှူးနေအိမ် |
| ကြာချိန် | - | (၃)နာရီ |

အကြောင်းအရာ။ ။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲခြင်းမှတ်တမ်း။

ဗျင်းကျေးရွာလူထုသို့ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ရေးဆွဲရခြင်းမှာ အခြားကျေးရွာများ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများ လာရောက်လျှင် ဗျင်းကျေးရွာနှင့် ပတ်သက်၍ အလွယ်တကူ သိရှိနိုင်ရန် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ရေးဆွဲရာတွင် ကျေးရွာလူထုနှင့် ပူးပေါင်းကာ ကျေးရွာလက်စွဲစာအုပ်ဖြစ်မြောက်ရေး သင်တန်းဆင်းလူငယ်မှ ဦးဆောင်ရေးဆွဲခဲ့ပါသည်။ လိုအပ်သည့်အချက်အလက်များ၊ ကိန်းဂဏန်းများကို ရပ်ရွာမှ လူကြီးများထံ မေးမြန်းခဲ့ရပါသည်။

| | | |
|---|---|---|
| ပံ့ပိုးသူ | မှတ်တမ်းလိုက်သူ | ရပ်မိရပ်ဖ |
| ဦးမြင့်စိုး | ဒေါ်အမာကြည် | သန်းဌေး |
| ဦးမိုးလွင် | | |

CamScanner

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်ဒုပ်ရာ မျဉ်းကျေးရွာ၏ ရာသီခွင်ပြဇယား

ရက်စွဲ ၈-၆-၂၀၁၄

| လုပ်ငန်း အမျိုးအစား | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ထန်း | ✓✓ | ✓✓✓ | ✓ | ✓ | ✓ | ✓ | | | | | | ✓ |
| တောင်သူ | ထွန် | ထွန် | ပဲတီစိမ်း | ပဲစင်းငုံ | ပြောင်း | ပြောင်း ပဲစင်းငုံ | | | | | ထွန် | ထွန် |
| မွေးမြူရေး | နွား | ဆိတ်/သိုး | ဆိတ်/သိုး | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| (လူ) ကျန်းမာရေး | | ကျန်းမာရေး | | | | | | ကျန်းမာရေး | | | ကျန်းမာရေး | |
| ရေရရှိရေး | ရေရရှိမှုနည်းသောလများ | ရေရရှိမှုနည်းသောလများ | | | | | | | | | | |
| ပွဲတော် | သင်္ကြန်ပွဲ | | | စေတီ | ဆွမ်းသပိတ်လုံး | | | | | စေတီ | စေတီ | |
| တိရစ္ဆာန် ရောဂါပိုးကျ | | | | | | တိရစ္ဆာန်ရောဂါပိုး | | | | တိရစ္ဆာန်ရောဂါပိုး | | |
| ထန်း (ဝင်ငွေ) | ၁၀၀၀၀၀ | ၁၅၀၀၀၀ | ၅၀၀၀၀ | ၂၀၀၀၀ | ၇၀၀၀၀ | ၁၅၀၀၀ | | | | | | ၂၀၀၀၀ |
| ထန်း (ထွက်ငွေ) | | | | | | | | | | | | |
| တောင်သူ(ဝင်ငွေ) | | | | | | | | ၁၀၀၀၀၀ | ၃၀၀၀၀၀ | | | |
| တောင်သူ (ထွက်ငွေ) | ၆၀၀၀၀ | ၆၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | | | | ၄၀၀၀၀ | ၄၀၀၀၀ | | | |
| စက်မှု (အသေးစား) | နွားစာစဉ်းစက် | | | | | | | | | နွားစာစဉ်းစက် | နွားစာစဉ်းစက် | နွားစာစဉ်းစက် |
| နေ့စား (ဝင်ငွေ) | ၃၀၀၀၀ | ၃၀၀၀၀ | | | | ၃၀၀၀၀ | ၃၀၀၀၀ | | | | | |
| နေ့စား(ထွက်ငွေ) | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ |

- ✓ ထွက်ရေးအနည်ငယ်ရ
- ✓✓ ထွက်ရေးအသင့်အတင့်
- ✓✓✓ ထွက်ရေးအများဆုံးရ
- ထွန်
- ပဲတီစိမ်း
- ပဲစင်းငုံ
- ပြောင်း
- ဆိတ်/သိုး
- နွား
- ကျန်းမာရေး
- ရေရရှိမှုနည်းသောလများ
- သင်္ကြန်ပွဲ
- စေတီ
- တိရစ္ဆာန်ရောဂါပိုး
- နွားစာစဉ်းစက်
- ဆွမ်းသပိတ်လုံး

CamScanner

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာ၏ ရာသီခွင်ပြဇယားအစီရင်ခံစာ

ရက်စွဲ ၈-၆-၂၀၁၄

ဗျင်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ ယာလုပ်ငန်း၊ ထန်းလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ ဖြစ်ပါသည်။ အများစုမှာ ယာလုပ်ငန်းနှင့် ထန်းလုပ်ငန်းကိုတွဲဖက်၍ အဓိကလုပ်ကိုင်ပါသည်။

တောင်သူယာလုပ်ငန်းတွင် အဓိကစိုက်ပျိုးသည့် သီးနှံများမှာ ပဲတီစိမ်း ၊ ပဲနောက်၊ ပဲစင်းငုံ၊ ပြောင်း၊ ဝါ၊ နှမ်းတို့ ဖြစ်ကြပါသည်။ ဗျင်းကျေးရွာ၏ တောင်သူများသည် တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်လတို့တွင် ထွန်ယက်ကြပြီး နယုန်လတွင် ပဲတီစိမ်း၊ ပဲနောက်၊ ပဲစင်းငုံ နှင့် ဝါ တို့ကို စတင်စိုက်ပျိုးကြပါသည်။ ဝါခေါင်လတွင် ပြောင်းစိုက်ပြီး တော်သလင်းလတွင် နှမ်းစိုက်ပျိုးကြပါသည်။ ဝါခေါင်လတွင် ပဲတီစိမ်းကို စတင်ဆွတ်ခူးရရှိပြီး တော်သလင်းလတွင် ရိတ်သိမ်းပြီးစီးပါသည်။ ပြာသိုလတွင် ပဲစင်းငုံ၊ ပြောင်းနှင့် နှမ်းတို့ကို ရိတ်သိမ်းပြီးစီးပါသည်။ တပို့တွဲလတွင် တောင်သူလုပ်ငန်းများပြီးဆုံးသွားပါသည်။

ဗျင်းကျေးရွာ၏ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရောဂါပိုးများမှာ ဝါဆိုလနှင့် ဝါခေါင်လများတွင် ပဲတီစိမ်း၊ ပဲနောက်ပင်များသည် ပျပိုးများကျရောက်တတ်ပါသည်။ တန်ဆောင်မုန်းလတွင်လည်း ပဲစင်းငုံပင်များတွင် ပျပိုးနှင့် သီးလုံးဖောက်ပိုးများ ကျရောက်တတ်ပါသည်။

ဗျင်းကျေးရွာ၏ မွေးမြူရေးလုပ်ငန်းများမှာ တောင်သူလုပ်ငန်းအတွက် ခိုင်းစေရန် နွားမွေးမြူရေးမှာ အဓိကဖြစ်ပြီး သိုး၊ ဆိတ်၊ ဝက်၊ ကြက် တို့ကိုလည်း အနည်းငယ်မွေးမြူကြပါသည်။ ဆောင်းကူး၊ နွေကူးကာလများ၌ နွားများတွင် လျှာနာ၊ ခွာနာရောဂါများ ဖြစ်ပွားတတ်ပါသည်။ တော်သလင်းလတွင် တုန်အေးရောဂါမှာ ဆိတ်နှင့်သိုး တို့တွင် ခံစားရတတ်ပါသည်။

ဗျင်းကျေးရွာ၏လူတို့တွင် ဖြစ်ပွားတတ်သည့် ရောဂါများမှာ မိုးရာသီအကုန် ဆောင်းရာသီအဝင်၊ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် နာစေး၊ ချောင်းဆိုးနှင့် တုပ်ကွေးရောဂါတို့ ဖြစ်ပွားတတ်ပါသည်။ တန်ခူးလနှင့် ကဆုန်လတို့တွင် ရာသီဥတုပူပြင်းလွန်းသဖြင့် မျက်စိနာရောဂါတို့ ဖြစ်ပွားတတ်ကြပါသည်။

ဗျင်းကျေးရွာ၏ ထန်းလုပ်ငန်းလုပ်ကိုင်သူများမှာ တပေါင်း၊ တန်ခူးလတွင် လုပ်ငန်းခွင်စတင် လုပ်ကိုင်ပြီး ၊ ကဆုန်၊ နယုန်လများတွင် ထန်းပြြင်ပြြင်ရရှိပြီး တော်သလင်းလတွင် ထန်းလုပ်ငန်း ပြီးဆုံးသွားပါသည်။

ဗျင်းကျေးရွာ၏ ရေရရှိမှု အခြေအနေမှာ တပေါင်းလမှ စတင်ကာ နေအလွန်ပူပြင်းသော တန်ခူးလနှင့် ကဆုန်လတို့တွင် ရေရရှိမှု နည်းပါးသည့်အတွက် သောက်/သုံးရေရရှိမှု အခက်အခဲဆုံးဖြစ်ပါသည်။ တော်သလင်းနှင့် သီတင်းကျွတ်လတို့တွင် မိုးရွာသွန်းမှုများသောကြောင့် သောက်သုံးရေပေါများပါသည်။

ဗျင်းကျေးရွာတွင် စက်မှုလုပ်ငန်း (အသေးစား)လုပ်ကိုင်သူ (၃)ဦးရှိပါသည်။ ၎င်းလုပ်ငန်းမှာ နွားများ၏ အစာများကို စဉ်းပေးရသော နွားစာစဉ်းစက်ဖြစ်ပါသည်။ နွားစာစဉ်းစက်(၃)လုံးတွင် (၂)လုံးမှာ လျှပ်စစ်မီးဖြင့်မောင်းနှင်ပြီး (၁)လုံးမှာ မီးစက်ဖြင့်သာ လည်ပတ်မောင်းနှင်ပါသည်။ ပြာသိုလတွင် စတင်လည်ပတ်ပြီး တန်ခူးလတွင် ပြီးဆုံးပါသည်။

ဗျင်းကျေးရွာသည် မြန်မာလူမျိုးဗုဒ္ဓဘာသာ ကိုးကွယ်ကြသည့်အလျောက် ဆယ့်နှစ်လရာသီ ပွဲတော်များ ကျင်းပကြပါသည်။ ၎င်းဆယ့်နှစ်လရာသီတွင် ဝါခေါင်၊ ပြာသိုလနှင့် တပို့တွဲလများတွင် ငွေကြေး အကုန်အကျ အများဆုံးလများဖြစ်ပါသည်။

တောင်သူလုပ်ငန်းလုပ်ကိုင်သူများ၊ ထန်းလုပ်ငန်းလုပ်ကိုင်သူများ၊ နေ့စားကျပန်းလုပ်ငန်း လုပ်ကိုင်သူများသည် တစ်နှစ်ဝင်ငွေနှင့် ထွက်ငွေမှာ မမျှတပါ။ ရွာသူရွာသားများသည် ဈေးဆိုင်များမှ အဟောင်းပေး အသစ်ယူစနစ်၊ ငွေတိုးချေးယူခြင်းစနစ်၊ သားသမီးများမှ မြို့သွား၍ ပိုက်ဆံဝင်ငွေရှာယူခြင်းဖြင့် စားဝတ်နေရေးအား ဖြေရှင်းခဲ့ကြပါသည်။

CamScanner

# အစည်းအဝေးမှတ်တမ်း


| | | |
|---|---|---|
| နေ့စွဲ | - | ၈-၆-၂၀၁၄ |
| အချိန် | - | နေ့လည် (၁)နာရီ |
| နေရာ | - | အုပ်ချုပ်ရေးမှူး |
| ကြာချိန် | - | ၃နာရီ |
| အကြောင်းအရာ။ | | ။ ရာသီခွင်ပြဇယားရေးဆွဲခြင်းမှတ်တမ်း။ |

ဖျင်းကျေးရွာလူထုအား ရာသီခွင်ပြဇယားရေးဆွဲရခြင်းကို ရှင်းလင်းပြောပြခဲ့ပါသည်။ နှစ်(၁)နှစ်၏ မည်သည့်လတွင် စိုက်ပျိုးသည့်သီးနှံ၊ ကျရောက်တတ်သည့်ရောဂါပိုး၊ လူတို့တွင် ဖြစ်တတ်သည့်ရောဂါ၊ ရေရရှိမှုစသည့်တို့ကိုမေးမြန်းပြီး အသေးစိတ်မှတ်တမ်းတင် ရေးမှတ်ခဲ့ရပါသည်။ ကျေးရွာလက်စွဲစာအုပ် ဖြစ်မြောက်ရေး သင်တန်းဆင်းလူငယ်မှ ဖျင်းကျေးရွာရှိ ရွာသူရွာသားများကို ရှင်းလင်းပြောပြပြီး ရာသီခွင်ပြဇယား ရေးဆွဲခဲ့ကြပါသည်။

| ပံ့ပိုးသူ | မှတ်တမ်းလိုက်သူ | ရပ်မိရပ်ဖ |
|---|---|---|
| ဒေါ်အမာကြည် | ဦးမြင့်စိုး | ဦးသန်းငွေ |
| | ဦးမိုးလွင် | |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်ဒုပ်စု၊ ဗျင်းကျေးရွာ၏ ပြဿနာသစ်ပင်

ရက်စွဲ ၉-၆-၂၀၁၄



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဖျင်းကျေးရွာ၏ ရေရှားပါးခြင်းပြဿနာအစီရင်ခံစာ

ရက်စွဲ၊ ၉.၆.၂၀၁၄

ဖျင်းကျေးရွာ၏ အဓိကပြဿနာမှာ ရေရှားပါးခြင်းဖြစ်ပါသည် ရေရှားပါးသည့်အကြောင်းအရာများမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊ မိုးခေါင်ခြင်း၊ ငွေကြေးမပြည့်စုံခြင်း၊ အလှူယ်တကူတူးဖော်၍မရခြင်း၊ နည်းပညာနည်းပါးခြင်း၊ မိုးရေထိန်းသိမ်းနိုင်မှုနည်းပါးခြင်းတို့ဖြစ်ပါသည်။

ထိုရေရှားပါးခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များမှာ စိုက်ပျိုးမွေးမြူရေး၊ ဖွံ့ဖြိုးမှုအားနည်းခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ရခြင်း၊ သောက်သုံးရေနှင့် ရေကောင်းရေသန့်ရှားပါးခြင်း၊ ပညာရေးဦးစားမပေးနိုင်ခြင်း၊ အလုပ်ကောင်းစွာမလုပ်နိုင်ခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ လူမှုရေးကိစ္စများ လုပ်ကိုင်ရာတွင် ကျေပွန်စွာလုပ်ဆောင်နိုင်မှုမရှိခြင်း၊ စီးပွားရေးလုပ်ဆောင်နိုင်မှုမရှိခြင်း၊ လူနေမှုအဆင့်အတန်း တိုးတက်မှုမရှိခြင်း စသည့်အကျိုးဆက်များ ခံစားနေရပါသည်။

### အစည်းအဝေးမှတ်တမ်း

နေ့စွဲ၊ ။ ၉-၆-၂၀၁၄

အချိန်၊ ။ နေ့လည် (၁)နာရီ

နေရာ၊ ။ အုပ်ချုပ်ရေးမှူးနေအိမ်

ကြာချိန်၊ ။ (၂)နာရီ


အကြောင်းအရာ။ ။ ပြဿနာအခက်အခဲများကို သစ်ပင်ပုံစံဖြင့် ရေးဆွဲခြင်းမှတ်တမ်း၊

ဖျင်းကျေးရွာလူထုအား ပြဿနာသစ်ပင်ရေးဆွဲနည်းကို ရှင်းလင်းပြောပြခဲ့ပါသည်၊ ရေးဆွဲရသည့် ရည်ရွယ်ချက်မှာ မိမိကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲများအား သစ်ပင်၏ အရင်းအမြစ်၌ ဖြစ်ပေါ်လာရသော အကြောင်းအရင်းများဟု သတ်မှတ်ပြီးဖြစ်ပေါ်လာသော အကျိုးဆက်များကို အကိုင်းအခက်များ အဖြစ် ရှင်းလင်းပြခဲ့ပါသည်။ အဓိက ပြဿနာများအဖြစ် ရေရှားပါးခြင်းပြဿနာကို ဆွေးနွေးခဲ့ကြပါသည်၊

| | | |
|---|---|---|
| ပုံပိုးသူ | မှတ်တမ်းလိုက်သူ | ရပ်မိရပ်ဖ |
| ဒေါ်အမာကြည် | ဦးမြင့်စိုး | ဦးသန်းငွေ |
| | | |
| ဒေါ်အေးထွန်း | ဦးမိုးလွင် | |
| ဒေါ်ဇာဇာမိုး | ဦးရဲရွှေ | |

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာ၏ ရေပြဿနာဖြေရှင်းနည်း

ရက်စွဲ ၇–၆–၂၀၁၄



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရှိုင်အုပ်စု၊ ချင်းကျေးရွာ၏

## ရေရှားပါးခြင်း ပြဿနာဖြေရှင်းနည်း အစီရင်ခံစာ

ရက်စွဲ၊ ၇.၆.၂၀၁၄

ချင်းကျေးရွာရှိ ရွာသူရွာသားအားလုံးသည် ဖြစ်ပေါ်နေသော ရေရှားပါးခြင်းပြဿနာများကို ဤကဲ့သို့ ဖြေရှင်းမည်ဟု ဆွေးနွေးခဲ့ကြပါသည်၊

ရေရှားပါးခြင်းသည် နွေရာသီ၌ မိမိတို့ကျေးရွာ၏ အဓိကပြဿနာဖြစ်ပါသည်၊ သဘာဝပတ်ဝန်းကျင် ...က်စီးကာ ရာသီဥတုဖောက်ပြန်ခြင်းနှင့် မိုးခေါင်ခြင်း၊ ငွေကြေးမပြည့်စုံခြင်း၊ နည်းပညာနည်းပါးခြင်း၊ ရေထိန်းသိမ်း ...င်မှုနည်းပါးခြင်းနှင့် အလွယ်တကူတူးဖော်၍မရခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး သောက်သုံးရေရှားပါးခြင်းတို့ကို ...တားနေရပါသည်၊

ထိုပြဿနာများကိုဖြေရှင်းရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် သစ်ပင်များတိုး၍စိုက်ပျိုးခြင်း၊ ...ရေထိန်းသိမ်းခြင်း၊ ပညာရေးတွင်လည်းမြှင့်တင်ခြင်း၊ စက်ရေတွင်းများတူးဖော်ခြင်း၊ ပြင်ပအဖွဲ့အစည်းများအား ...အကူအညီတောင်းခြင်းနှင့် ရေနှင့်ပတ်သက်၍ နည်းပညာမြှင့်တင်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။

### အစည်းအဝေးမှတ်တမ်း

ရက်နေ့စွဲ - ၉-၆-၂၀၁၄

အချိန် - နေ့လည် (၁)နာရီ

နေရာ - အုပ်ချုပ်ရေးမှူးနေအိမ်

ကြာချိန် - (၂)နာရီ

အကြောင်းအရာ၊ ၊ပြဿနာဖြေရှင်းနည်းရေးဆွဲခြင်းမှတ်တမ်း၊၊

ချင်းကျေးရွာလူထုအား ပြဿနာဖြေရှင်းနည်းနှင့် ရေးဆွဲနည်းများကို ကျေးရွာလက်စွဲ ...တအုပ်ဖြစ်မြောက်ရေး သင်တန်းဆင်းလူငယ်မှ ရှင်းလင်းပြောပြခဲ့ပြီး၊ ကျေးရွာလူထုနှင့် ရေးဆွဲခဲ့ပါသည်။ ပြဿနာတစ်ရပ် ဖြစ်ပေါ်လာရခြင်း၏ အခြေခံအကြောင်းများနှင့် ထိုအခြေခံအကြောင်းများကို ဖြေရှင်းခြင်း၏ ကောင်းကျိုးများနှင့် မဖြေရှင်းနိုင်ခြင်း၏ ဆိုးကျိုးများကို အတူပူးပေါင်းဆွေးနွေးပြီး ပြဿနာဖြေရှင်းနည်းများကို ရေးဆွဲခဲ့ကြပါသည်၊

| ပံ့ပိုးသူ | မှတ်တမ်းလိုက်သူ | ရပ်မိရပ်ဖ |
|---|---|---|
| ဒေါ်အမာကြည် | ဦးမြင့်စိုး | ဦးသန်းငွေ |
| ဒေါ်အေးထွန်း | ဦးမိုးလွင် | |
| ဒေါ်ဖာဖာမိုး | ဦးကျော်ဟန် | |

CamScanner



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဖျင်းကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်စမြုံအစီရင်ခံစာ

ရက်စွဲ၊ ၇.၆.၂၀၁၄

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဖျင်းကျေးရွာသည် ပခုက္ကူမြို့နှင့် မိုင်(၂၀)ကွာဝေးပါသည်၊ ဖျင်းကျေးရွာနှင့် ဆက်စပ်လျှက်ရှိသော ကျေးရွာများမှာ ရွှေကုန်းကျေးရွာနှင့် ကျတ်တိုးကျေးရွာစသည့် ကျေးရွာများနှင့် နီးစပ်လျက်ရှိပါသည်၊ ဖျင်းကျေးရွာသည် အိမ်ခြေ(၁၇၅) အိမ် ၊ အိမ်ထောင်စုပေါင်း (၁၉၈)ဦး ၊ လူဦးရေစုစုပေါင်း (၁၀၉၃) ဦးရှိသည့်အနက် အမျိုးသားဦးရေ (၄၁၃)ဦး၊ အမျိုးသမီးဦးရေ (၆၈၀)ဦးရှိပါသည်၊ ဖျင်းကျေးရွာသည် ယာမြေလုပ်ငန်းနှင့် ထန်းတက်လုပ်ငန်းကိုတွဲဖက်၍ အဓိကလုပ်ကိုင်ကြပါသည်၊ မွေးမြူရေး လုပ်ငန်းလည်း အနည်းငယ်လုပ်ကိုင်ကြပါသည်၊

တောင်သူဦးရေ(၁၀)ဦး၊ ထန်းတက်ဦးရေ (၃၀)ဦး၊ တောင်သူထန်းတွဲဖက်ဦးရေ (၇၀)ဦး၊ ကျပန်းဦးရေ (၅၀)ဦး နှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ (၁၅)ဦးရှိပါသည်၊

ဖျင်းကျေးရွာတွင် ငွေကြေးမပြည့်စုံခြင်း၊ မိုးခေါင်ခြင်း၊ သစ်ပင်ကြီးများနည်းပါးခြင်း၊ ရေတွင်းများလည်း အလွယ်တကူတူးဖော်၍မရခြင်း၊ နည်းပညာမပြည့်စုံခြင်း၊ မိုးရေလှောင်ကန်များနည်းပါးခြင်းတို့ကြောင့် ရေရှားပါးပါသည်။ ရေရှားပါးခြင်းကြောင့် လူနှင့်တိရစ္ဆာန်တို့အတွက် သောက်သုံးရေ လုံလုံလောက်လောက်မရရှိ၍ အခက်အခဲများဖြစ်နေပါသည်။ သောက်သုံးသူအများစုမှာ ယခုလက်ရှိရေရရှိရန်အတွက် ရေကိုအလှည့်ကျ ရေဆိုင်းထမ်းများ တန်းစီ၍ချထားရပါသည်၊ လူတစ်ဦးလျှင် ရေတစ်ထမ်းရရှိရန် အချိန်(၁း၃၀)နာရီ သော်လည်းကောင်း၊ (၂)နာရီသော်လည်းကောင်း စောင့်ဆိုင်းပြီး အချိန်ကြာစွာ ရေခပ်နေရပါသည်၊ လူနှင့်တိရစ္ဆာန်သောက်သုံးရန် မလုံလောက်သည့်အတွက် ရေအလေအလွင့်မဖြစ်ရန်နှင့် သန့်စင်သောရေ ရရှိဖို့ရန် ရေတွင်း (၁)တွင်း ရေတွင်းစက်နှင့် ရေစင် - ရေစင်များမှတဆင့် ရေပိုက်လိုင်းများ၊ ရေဘီတာများ အိမ်တိုင်ရာရောက်ရရှိရန် ဆန္ဒရှိပါသည်၊

ဖျင်းကျေးရွာတွင် ပညာရေး

ဖျင်းကျေးရွာ၏ပညာရေးသည် ယခင်ကကျောင်းသူကျောင်းသားများသည် ဘ.ကဘုန်းတော်ကြီး ကျောင်းမှာ နေ၍စာသင်ရပါသည်။ ဘ.ကကျောင်းမှ အောင်မြင်ပြီး ကမ္ဘူ၊ မြစ်ခြေကျောင်းသို့ သွားရောက် ပညာသင်ယူရမှာ ခရီးဝေးလွန်းသဖြင့် ယခင်က ပညာတတ်များ နည်းပါးခဲ့ပါသည်၊ ကမ္ဘူ၊ မြစ်ခြေမှ ဖျင်းကျေးရွာနှင့် အကွာအဝေးမှာ မိုင် (၅)မိုင် ကွာဝေးပါသည်၊ ဖျင်းကျေးရွာရှိ မူလတန်း အ.မ.က (၁၃၁)ကျောင်းကို (၁၉၈၃)ခုတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်ပြီး မူလတန်း၊ အလယ်တန်း ကျပ်ပြည့်အထက်တန်းကျောင်းနှင့် ဖျင်းရွာမှ မိုင်(၂)မိုင်ကွာဝေး၍ အထက်တန်းပညာသင်ယူရသည်၊ မူလတန်း၊ အလယ်တန်း မှ အထက်တန်းသို့ ဖျင်းကျေးရွာမှ အထက်တန်းကျောင်းပွင့်သွားမည်ဆိုရင် ခရီးဝေးကွာလွန်းသော ကျောင်းကိုမသွားရလျှင် ခရီးလည်း မနှောင့်နှေးဘဲ ဖျင်းကျေးရွာတွင်ရှိလျှင် ကျောင်းသူကျောင်းသားများ ပညာတတ်များများဖြစ်ပြီး ဘွဲ့ရပြီး အလုပ်အကိုင် ကိုယ်စီကိုယ်ငှဖြင့် နိုင်ငံတော်၏တာဝန်ထမ်းဆောင်သော ပညာအလင်းရောင်တံခါးကြီး ပွင့်သွားပြီဆိုတာကို စိတ်ကူးယဉ်အိပ်မက်မက်ခဲ့ပါသည်။ဖျင်းကျေးရွာကျောင်းမှာကျောင်းသုံးပရိဘောဂမပြည့်စုံခြင်းနှင့် ကျောင်းပြုပြင်ရန် လိုအပ်ခြင်းများ ဆန္ဒရှိပါသည်၊

CamScanner

### ဗျင်းကျေးရွာ၏ ကျန်းမာရေး

ဗျင်းကျေးရွာသည် ကျန်းမာရေးနှင့် ပတ်သက်၍ ဗျင်းကျေးရွာရှိ ရွာသူရွာသားများသည် မြစ်ခြေ-ကမ္ဘ-ပခုက္ကူမြို့စသည့် ဆေးရုံသို့ ဆိုးဝါးသောရောဂါများဖြစ်လျှင် သွားရောက်၍ ကုသရပါသည်။ ဗျင်းကျေးရွာမှ မြစ်ခြေ-ကမ္ဘမိုင်(၅)မိုင်ကွာဝေးပြီး ပခုက္ကူနှင့် မိုင်(၂၀)ကွာဝေးပါသည်။ ဗျင်းကျေးရွာရှိ ရွာသူရွာသားများသည် နာစေး၊ ခေါင်းကိုက်-ဖျားနာစသည့်ရောဂါများကို ချိုင်ကျေးရွာဆေးခန်းသို့လည်း သွားရောက်ကုသရပါသည်။ ချိုင်ရွာမှ ဗျင်းမိုင်(၁)မိုင်သာသာ (၂)မိုင်အေးအေး ကွာဝေးပါသည်။ ဗျင်းကျေးရွာရှိ ရွာသူရွာသားတို့မှာ စားဝတ်နေရေးအတွက် မကျန်းမာလျှင် ဆေးပေးခန်းမရှိ၍ ကျန်းမာရေးမှာ အခက်အခဲဖြစ်ပါသည်။ စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်ရတာတစ်မျိုး ကျန်းမားရေးကတစ်ဖုံ ချိုင်ဆေးပေးခန်းမှာ အချိန်နာရီတိုင်း ဆရာမ မတွေ့ခဲ့သည်ရှိသော် ကျန်းမာရေးအတွက် နှောင့်နှေးလျှက်ဖြစ်ခြင်းကြောင့် ဗျင်းကျေးရွာမှ ဆေးကုပေးဆရာ၊ ဆေးပေးခန်း၊ အဆောက်အဦ၊ ဆေးဝါးပစ္စည်းရှိလျှင် ရွာသူရွာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံမည်ဟု မျှက်စိထဲမြင်ယောင်ပြီး ဆန္ဒရှိပါသည်။

### ဗျင်းကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးကဏ္ဍ

ဗျင်းကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများမှာ ယခင်ရော ယခုရော လုပ်ငန်းပိုင်းဆိုင်ရာမှာ ခွဲခြားမှုမရှိဘဲ တန်းတူညီတူ အင်တိုင်အားတိုက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

### ဗျင်းကျေးရွာ၏ လူမှုရေး

ဗျင်းကျေးရွာ၏ လူမှုရေးနှင့် ပတ်သက်သော ဘာသာရေး၊ သာသနာရေး၊ အလှူပွဲ၊ မင်္ဂလာပွဲများ ယခင်ရော ယခုရော သူ့အမျိုးကိုယ့်အမျိုးမခွဲခြားဘဲ ဝိုင်းဝန်းလုပ်ဆောင်၍ အမျိုးသမီးဓမ္မစကြာဝတ်အသင်းဖွဲ့၍ ဘာသာရေးကို အထူးအရေးပေးလုပ်ဆောင်လျက်ရှိပါသည်။

### ဗျင်းကျေးရွာ၏ ဆက်သွယ်ရေး

ဆက်သွယ်ရေးမှာ အရေးကြီးသော ကိစ္စများပြောလိုလျှင် အခက်အခဲဖြစ်ပြီး နှောင့်နှေးကြန့်ကြာ၍ အခက်အခဲများ တွေ့ရသည့်အတွက် ဗျင်းကျေးရွာ၏ ဆက်သွယ်ရေးလွယ်ကူရန်အတွက် တာဝါတိုင်တစ်ခု လိုအပ်ပါသည်။ ယခင်က တစ်ဦးအကြောင်း တစ်ဦးသိချင်ရင် စာရေးပြီး ကမ္ဘ (သို့) မြစ်ခြေ စာတိုက်ပုံးထဲသို့ ထည့်ရသည်။ ယခုနည်းပညာစနစ်ဖြင့် ဖုန်းများဆက်ရန် လွယ်လင့်တကူ ခေါ်ဆို၍ မရခြင်းကြောင့် ဖုန်းတာဝါတိုင်တစ်ခုထားရှိရန် ဆန္ဒရှိပါသည်။

ဗျင်းကျေးရွာမှ သဘာဝမိုးရွာသွန်းမှုနည်းပါး၍ တောင်သူယာမြေလုပ်ကိုင်သူအများစုမှာ ယခင်က နွားစာရှားပါး၍ တခြားတပါးသို့ သွားရောက် ဝယ်ယူလိုသူဝယ် ရိတ်လိုသူရိတ်ဖြင့် အခက်အခဲတွေ့ရပါသည်။ ယခုနွားစာရှားပါးသည့်အတွက် ဗျင်းကျေးရွာပိုင် ထွန်စက်လိုအပ်ပါသည်။ ယာမြေများ ထွန်စက်ရှိလျှင် အချိန်မှီ ထွန်ယက်စိုက်ပျိုးနိုင်ပါသည်ဟု ဆန္ဒရှိပါသည်။

ဗျင်းကျေးရွာ၏ ရွာချင်းဆက်လမ်းနှင့် ပတ်သက်၍ ယခင်ကသွားရေးလာရေး လမ်းများမကောင်း၍ လှည်းများမောင်းလျှင် ချိုင့်ခွက်များပြီး လှည်းဝန်ရိုး၊ လှည်းတံများကျိုးချင်သဖွယ်ဖြစ်ပြီး လှည်းဘီးများတခါတလေ ကျွတ်ထွက်ခြင်းဖြစ်ခဲ့ပါသည်။ ယခုရွာချင်းဆက်လမ်းကို မြေနီခင်းလျှင် သွားရေးလာရေးကောင်းမွန်၍ ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ လှည်းများ ဖြောင့်ဖြူးသွားလာကောင်းမွန်လျှင် သာယာလှပသော ရွာမြေနီလမ်းလေး ဖြစ်ပါစေလို့ ဆန္ဒရှိပါသည်။

ဗျင်းကျေးရွာတွင် မတော်တဆမီးလောင်မှုဖြစ်ပွားလျှင် ယခင်က မီးငြိမ်းရေးအတွက် ပစ္စည်းများနည်းပါး၍ ရေနှင့် ဝါးလုံးရှည်များထိုးချပြီး ရေနှင့်ပက်လောင်း ဒီနစ်မျိုးနှင့် မီးငြိမ်းသတ်ခဲ့ကြသည်။ ယခုဗျင်းကျေးရွာတွင် မတော်တဆမီးလောင်မှုဖြစ်ပွားလျှင် အလွယ်တကူ လျှင်မြန်စွာ မီးငြိမ်းရေးအတွက် မီးသတ်ကားနှင့် မီးချိပ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကား၊ မီးသတ်ဝတ်စုံ၊ မီးသတ်ကားထားရန် မီးသတ်ရုံထားရှိရန် ဆန္ဒရှိပါသည်။

**ဗျင်းကျေးရွာ၏ စီးပွားရေး**

ဗျင်းကျေးရွာ၏ စီးပွားရေးမှာ တောင်သူယာမြေလုပ်ငန်းနှင့် ထန်းတက်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်ပြီး တစ်နှစ်တာစားဝတ်နေရေးမှာ ရုန်းကန်လှုပ်ရှား ရှာဖွေစားသောက်ကြပါသည်။

အချို့အိမ်ထောင်စုများလည်း မွေးမြူရေးလုပ်ငန်းနှင့် ကူလီ-ကျပန်းအလုပ်များကို လုပ်ကိုင်စားသောက်ကြပါသည်။ ရွာမှထန်းလုပ်ငန်းပြီးလျှင် တခြားမြို့ရွာဒေသနှင့် ဘားအံမြို့သို့ အများအားဖြင့် သွားရောက်လုပ်ကိုင်စားသောက်ကြပါသည်။ ယာမြေလုပ်ငန်း တောင်သူဦးကြီးများမှာလည်း မိုးရွာသွန်းမှုနည်းပါးသောကြောင့် ယာမြေမှသီးနှံထွက်ကုန်ပစ္စည်းမှာ နည်းပါးသည့်အတွက် တစ်နှစ်တာ စားဝတ်နေရေး မဖူလုံ၍ စီးပွားရေးမှာ ကျပ်တည်းစွာ ရင်ဆိုင်နေရပါသည်။ ထန်းလုပ်ငန်းမှာလည်း မိုးခေါင်သည့်ဒဏ်ကို မခံနိုင်သည့်အတွက် ထန်းပင်မှ ထန်းနို့၊ ထန်းသီးလုံးများဝေဝေဆာဆာ မထွက်နိုင်ပါ။ ထန်းခိုင်များ မထွက်သည့်အတွက် ထန်းလျက်မှာ အရနည်း၍ စားဝတ်နေရေး အခက်အခဲဖြစ်နေပါသည်။ တခြားမြို့ရွာဒေသသို့သွား၍ ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်စားသောက်ကြရပါသည်။ ယခုလည်းယခင်လိုမဖြစ်လေအောင် သဘာဝမိုးများများရွာသွန်းပြီး တောင်သူယာမြေသီးနှံထွက်ပစ္စည်းများများရ၍ ထန်းပင်များ၊ ထန်းခိုင်များဝေဝေဆာဆာ ဖူးပွင့်၍ ကူလီ၊ ကျပန်းလုပ်သားများလည်း သက်တောင့်သက်သာ အလုပ်ကိုယ်စီရရှိပြီး ဝင်ငွေကောင်း၍ စားဝတ်နေရေးအတွက် စိတ်သောကမရောက်ပါစေနဲ့လို့ ဆန္ဒပြုလျက်ရှိပါသည်။ ဗျင်းကျေးရွာသည် ဖွံ့ဖြိုးပြီးဝင်ငွေကောင်း၍ သာယာလှပသော ရွာဖြစ်ပါစေလို့ ဆန္ဒရှိပါသည်။

ဗျင်းကျေးရွာလေးသည် ဖွံ့ဖြိုးမှုနည်းပါး၍ ဆင်းရဲနွမ်းပါးသော ကျေးရွာလေးဖြစ်ပါသည်။ ဗျင်းကျေးရွာတွင် ရေစက်တွင်း (၃)တွင်းရှိပြီး ယခင်က အစိုးရတူးဖော်ပေးသော ရေစက်တွင်းကြီးမှာ ပျက်စီးနေပါသည်။ ကျန်ရေစက်(၂)တွင်းအနက် (၁)တွင်းမှာ အာဒရာမြန်မာအဖွဲ့မှ တူးဖော်ပေးသော ရေတွင်းဖြစ်ပါသည်။ ကျန်(၁)တွင်းမှာ ပြင်ပပုဂ္ဂလိကမှ လှူဒါန်းထားသော ရေတွင်းဖြစ်ပါသည်။ အာဒရာမြန်မာအဖွဲ့မှ တူးဖော်ပေးသော ရေတွင်းမှာ ကြာရှည်စွာ မောင်း၍မရပါ။ အဘယ်ကြောင့်ဆိုသော် ကြာရှည်စွာမောင်းလျှင် စက်၏ လေအိုးသည် ပွချစ်ပြီး ကြာရှည်စွာ မောင်းမရသည့်အတွက် ရေမလုံလောက်၍ ရေများအခက်အခဲရှိလျက်နေပါသည်။ နောက်ပုဂ္ဂလိကမှ လှူဒါန်းထားသော ရေတွင်းမှာလည်း လျှပ်စစ်မီးအား မမှီသောကြောင့် လျှပ်စစ်မီးလာလျှင်လည်း လျှပ်စစ်မီးလာတိုင်း မောင်းမရသည့်အတွက် ရေအခက်အခဲကြုံတွေ့နေရပါသည်။ လျှပ်စစ်မီးအားမှီသော အချိန်မောင်းသောအခါည နံနက်(၁)နာရီ (၂)နာရီမှ ရေမောင်း၍ ရေသောက်သုံးသူအများစုမှာ ရေသုံးစွဲဖို့ရာ အိပ်ရေးပျက်ခံပြီး ရေကို အလှည့်ကျနှင့် ခပ်၍ လူတစ်ဦးလျှင် ရေ(၁)ထမ်းရရှိဖို့ရာ (၁း၃၀)နာရီသော်လည်းကောင်း၊ (၂)နာရီသော်လည်းကောင်း အချိန်ကြာရှည်စွာ စောင့်လျှက်ခပ်နေရပါသည်။ ရေစက်တွင်း (၂)တွင်းမှာ ရေအလုံအလောက် မရရှိပါ၍ ရေအတွက် အလုပ်တစ်ခုလုပ်နေရပါသည်။ ယာမြေလုပ်ငန်း၊ ထန်းတက်လုပ်ငန်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများမှာလည်း နှောင့်နှေးခြင်း၊ ကြံ့ကြာခြင်း၊ ဧည့်ဝတ်မကျေခြင်းနှင့် ရင်ဆိုင်နေရပါသည်။ ယခုလို နှောင့်နှေးခြင်း၊ ကြံ့ကြာခြင်း၊ ဧည့်ဝတ်မကျေခြင်းနှင့် ကျန်းမာရေးလည်း ထိခိုက်မှုမဖြစ်ရအောင် ဗျင်းကျေးရွာတွင် ရေတွင်း (၁)တွင်း အသစ်တူးဖော်ပေးပါရန် ဆန္ဒရှိပါသည်။ ရေတွင်း (၁)တွင်း အသစ်တူးဖော်ပေးမည်ဆိုလျှင် ရေတွင်း၊ ရေတွင်းစက်၊ ရေစင် - ရေစင်မှ တဆင့် ရေပိုက်လိုင်းများ၊ ရေမီတာများ အိမ်တိုင်ရာရောက် တပ်ဆင်တူးဖော်ပေးမည်ဆိုလျှင် လူအများနှင့် တိရိစ္ဆာန်များ လုံလုံလောက်လောက်သောက်သုံး၍ ကျန်းမာရေးပါကောင်းမွန်ပြီး ရေများလည်းအလေအလွင့် မဖြစ်ရန်နှင့် သန့်စင်သောရေရရှိဖို့ရန်သောက်သုံးခြင်းသည်ကျန်းမာခြင်း၏လာဘ်ကြီးတစ်ပါးဖြစ်ကြောင်းရေတွင်းအသစ်(၁)တွင်း

တူးဖော်ပေးလျှင် ဗျင်းကျေးရွာရှိ ရွာသူရွာသားများနှင့် တိရိစ္ဆာန်များ ရေပြည့်ပြည့်ဝဝ သောက်သုံး သုံးစွဲရန် ဆန္ဒရှိပါသည်။

ဗျင်းကျေးရွာ၏မွေးမြူရေး

မွေးမြူရေးလုပ်ငန်း ဗျင်းကျေးရွာ၏ မွေးမြူရေးလုပ်ငန်းတွင် ယခင်က ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ သိုး စသည့် မွေးမြူကြပါသည်။ စသည့်တိရစ္ဆာန်များ မွေးမြူရာတွင် တိရစ္ဆာန်များ ရောဂါများကျရောက်လျှင် မြန်မာတိုင်းရင်းဆေး ဆေးမီးတိုများနှင့် ကုသကြပါသည်။ ရောဂါများမကျရောက်ဖို့ရာ ကြိုတင်ကာကွယ်နိုင်ရန် ခေတ်မီနည်းပညာနှင့် ဆေးဝါးများ မိမိကိုယ်တိုင် ကုသနိုင်ရန်နှင့် အခြားသူများအား ပညာပေးနိုင်ရန် မွေးမြူရေးသင်တန်း (ကာကွယ်ကုသပညာပေး) သင်တန်းကို လိုအပ်၍ဆန္ဒရှိပါသည်။

ဗျင်းကျေးရွာ၏အသက်မွေးဝမ်းကျောင်း

ဗျင်းကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် ယခင်လက်ရှိ မိရိုးဖလာလုပ်ငန်းများ၊ ယာလုပ်ငန်းများ လုပ်ကိုင်နေရခြင်းဖြစ်ပါသည်။ ထင်းခုတ်၊ မြက်ရိတ် အလုပ်များလုပ်ကိုင်နေရ၍ အသိပညာမရှိသည့်နေရာ တစ်နေရာလည်းဖြစ်ပါသည်။

ဗျင်းကျေးရွာမှာ ယခု အမျိုးသား၊ အမျိုးသမီးများ အလုပ်လက်မဲ့ မဖြစ်စေရန်နှင့် ကိုယ်ပိုင်လုပ်ငန်းတွေ ကိုယ်စီကိုယ်စီရှိကြပြီး သက်သောင့်သက်သာနှင့် ဝင်ငွေကောင်း၍ အသိပညာအတတ်ပညာ၊ စက်မှုလက်မှုပညာ တတ်မြောက်၍ အသက်မွေးဝမ်းကျောင်းသင်တန်း၏ ပညာကိုသိရှိရန်ဆန္ဒရှိပါသည်။

စာကြည့်တိုက်အသစ်ဆောက်ရန် ဗျင်းကျေးရွာသည် ယခင်ကကျေးရွာသူ၊ ကျေးရွာသား၊ လူကြီးလူငယ်၊ ကလေးငယ်စသည့် ပညာဗဟုသုတခေါင်းပါး၍ စကားပြောဆိုမှုမှာ ရိုင်းစိုင်းခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အသိပညာမဲ့ခြင်း၊ လူအချင်းချင်းသည်းခံမှုမရှိခြင်း၊ ရန်ဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ တစ်ယောက်နှင့် တစ်ယောက် မသင့်မြတ်ခြင်း၊ လောဘ၊ ဒေါသ၊ မောဟစိတ်များ ဖုံးလွှမ်းခြင်းဖြစ်ပါသည်။ ယခုအချိန်တွင် စာကြည့်တိုက်ရှိခဲ့လျှင် လူကြီး၊ လူငယ်၊ ကလေးများပါမကျန် စာအုပ်များဖတ်ပြီး စာအုပ်ထဲမှ စာများဖတ်ရှုလေ့လာပြီး အသိပညာ အတတ်ပညာများ တိုးပွားလာနိုင်ပါသည်။ သည်းခံခြင်း၊ ကိုယ်ချင်းစာနာခြင်း၊ တစ်ဦးနှင့်တစ်ဦးရိုသေသမှုပြုခြင်း၊ ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်း၊ လောဘ၊ ဒေါသ၊ မောဟနည်းပါးခြင်း၊ တစ်ဦးနှင့်တစ်ဦး ပေးကမ်းချီးမြှင့်ခြင်း၊ ကုသိုလ်ဒါနပြုလုပ်ခြင်း စသည့်ခပ်သိမ်းဖြစ်လာမည်ဖြစ်သည့်အတွက် စာကြည့်တိုက်အသစ် ဆောက်ရန်လိုအပ် လျက်ရှိပါသည်။

ဗျင်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ကိရိယာများမရှိ၍ သဘာဝဘေးအန္တရာယ် ဖြစ်လျှင် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်ပြီး မိမိတို့ရှိရာ ဆူးဂွ၊ ဝါးလုံး၊ ခရင်း၊ ပေါက်ပြား၊ ဂေါ်ပြား စသည့်များကိုင်၍ လုပ်ဆောင်ပြီး အသိပညာမရှိ နည်းပညာမရှိ၍ သင်တန်းများ တက်ရောက်ပြီးသော်လည်း ပစ္စည်းကိရိယာများရှိဖို့ရန် လိုအပ်ပါသည်။ ပစ္စည်းကိရိယာများသာရှိလျှင် ကြိုတင်ကာကွယ်နိုင်၍ အခက်အခဲမရှိပါ။ ဗျင်းကျေးရွာလူထုသည် ထိုစိတ်ကူးထားသော လုပ်ငန်းများကိုလည်း မိမိတို့ကျေးရွာတွင် မတတ်နိုင်သည့် ကိစ္စရပ်များကို အစိုးရအဖွဲ့များ၊ NGO အဖွဲ့အစည်းများနှင့် လူထု အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

ထိုလုပ်ငန်းကိစ္စရပ်များ အကောင်အထည်ဖော်နိုင်ပြီး ဖွံ့ဖြိုးလျက်ရှိကျေးရွာလေးဖြစ်လာပါက ကျေးရွာသူ၊ ကျေးရွာသားများသည် အလွန်ဝမ်းသာ၍ နောင်လာနောက်သားများကိုလည်း ဆက်လက်ထိန်းသိမ်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထပ်မံကြိုးစားသွားရန် အကြံပြုနိုင်မည်ဖြစ်ပါသည်။

# အစည်းအဝေးမှတ်တမ်း

နေ့စွဲ - ၁၅-၇-၂၀၁၄

အချိန် - နေ့လည် (၁)နာရီ

နေရာ - အုပ်ချုပ်ရေးမှူး

ကြာချိန် - ၃း၃၀နာရီ

အကြောင်းအရာ။ ။ အနာဂတ်မျှော်မှန်းချက်မြေပုံရေးဆွဲခြင်းမှတ်တမ်း။

ဗျင်းကျေးရွာလူထုသို့ အနာဂတ်မျှော်မှန်းချက်မြေပုံရေးဆွဲရခြင်း ရည်ရွယ်ချက်ကို ပြောပြခဲ့ရပါသည်။ မြေပုံရေးဆွဲရခြင်းမှာ ကျေးရွာ၏လိုအပ်ချက်များကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ပြီး လိုအပ်ချက်များကို နေရာအစဥ်တကျ သတ်မှတ်ပြီး ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည်။

၎င်းလိုအပ်ချက်များတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကိုလည်း ကျေးရွာလူထုနှင့်အတူ သဘောတူဆုံးဖြတ်ခဲ့ပါသည်။

| ပံ့ပိုးသူ | မှတ်တမ်းလိုက်သူ | ရပ်မိရပ်ဖ |
|---|---|---|
| ဦးမြင့်စိုး | ဒေါ်အမာကြည် | ဦးသန်းငွေ |
| ဦးမိုးလွင် | ဒေါ်အေးထွန်း | |
| ဦးမိုးနိုင် | ဒေါ်ဇာဇာမိုး | |

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဖျင်းကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား

ရက်စွဲ ၇-၇-၂၀၁၄

| စဉ် | ခုနှစ် | အကြောင်းအရာ | ကောင်းကျိုး | ဆိုးကျိုး | ဖြေရှင်းပုံ |
|---|---|---|---|---|---|
| ၁ | ၁၉၆၉ | အဝိုးရရေတွင်း | ရေကောင်းရေသန့်ရရှိခြင်း | - | |
| ၂ | ၁၉၈၃ | မူလတန်းကျောင်း | ပညာသင်ယူနိုင်ခြင်း | | |
| ၃ | ၁၉၉၄ | လျှပ်စစ်မီးရရှိ | လူနေမှုအဆင့်အတန်းမြင့်မားခြင်း | | |
| ၄ | ၂၀၀၂ | မိခင်နှင့်ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ဝင်ရောက် | အခြေခံကျန်းမာရေးဗဟုသုတရရှိခြင်း၊ ကျန်းမာရေးအတွက်အထောက်အပံ့ရရှိခြင်း | | ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်း |
| ၅ | ၂၀၀၉ | ရွာချင်းဆက်လမ်း မြေနီခင်းခြင်း | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ သွားလာရလွယ်ကူခြင်း | | အစိုးရနှင့် ကျေးရွာလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။ |
| ၆ | ၂၀၀၉ | ADRA EC ဝင်ရောက်ခြင်း | ကျန်းမာရေး၊ စိုက်ပျိုးရေး ၊ မွေးမြူရေး အခြေခံစက်မှုလက်မှုအတတ်ပညာ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ တတ်မြောက်ခြင်း၊ ရေတွင်း ရေကန်များတူး ဖော်ပေးခြင်း | | |
| ၇ | ၂၀၁၂ | Pact Myanmar အဖွဲ့ဝင်ရောက်ခြင်း | အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးယူရခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ငွေကြေးထောက်ပံ့ခြင်း | | |
| ၈ | ၂၀၁၂ | Save the Children | ကိုယ်ဝန်ဆောင်မိခင်နှင့် (၅)နှစ်အောက်ကလေး၊ မိခင်များအတွက်ကျန်းမာရေးအသိပညာများနှင့် ကျန်းမာရေးအထောက်အကူပြုခြင်း | | |
| ၉ | ၂၀၁၃ | ADRA SLIM အဖွဲ့ဝင်ရောက်ခြင်း | အခြေခံစားသောက်ကုန်ထုတ်လုပ်ငန်းအတတ်ပညာတတ်မြောက်ခြင်း၊ ဘေးအန္တရာယ်သင်တန်းများ၊ ဈေးကွက်ပိုင်းဆိုင်ရာ အတွေ့အကြုံပြောဆိုဆက်ဆံမှု၊ ကျန်းမာရေးဗဟုသုတများရရှိ | | |
| ၁၀ | ၂၀၁၃ | UN Habitat အဖွဲ့ ဝင်ရောက်ခြင်း | ကျေးရွာတွင် ရေစစ်အိုး၊ မိုးရေလှောင်ကန်၊ ကျောက်စီကန်၊ ယင်လုံအိမ်သာများရရှိခြင်း၊ သောက်ရေကန်ပြုပြင်ခြင်း | | |

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား အစီရင်ခံစာ

ရက်စွဲ ၇-၆-၂၀၁၄

ဗျင်းကျေးရွာ၏ ထူးခြားဖြစ်စဉ်များမှာ -

၁၉၆၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရနှင့် ကျေးရွာလူထုတို့ ပူးပေါင်း၍ အဝီစိရေတွင်း (လွန်)တွင်း ရေတွင်း၊ ရေစက်၊ ရေကန်တို့ တူးဖော်ဆောက်လုပ်နိုင်ခဲ့ပါသည်။ ထိုအဝီစိရေတွင်း (လွန်)တွင်း ရေစက်နှင့် ရေကန်တူးဖော်ဆောက်လုပ်နိုင်ခဲ့၍ သောက်သုံးရေ အနည်းငယ်လုံလောက်မှု ရှိခဲ့ပါသည်။

၁၉၈၃-ခုနှစ်တွင် အ.မ.က (၁၃၁) အခြေခံပညာမူလတန်းကျောင်းအစိုးရနှင့် ကျေးရွာလူထုပူးပေါင်း၍ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်တွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် လျှပ်စစ်မီးရရှိခဲ့ပါသည်။ ကောင်းကျိုးမှာ ကျေးရွာ၏လူနေမှုအဆင့်အတန်း မြင့်မားခဲ့ပါသည်။

၂၀၀၂ ခုနှစ်တွင် မိခင်နှင့်ကလေးသူငယ်စောက်ရှောက်ရေးအဖွဲ့(N.G.O)အဖွဲ့နှင့် ကျေးရွာလူထုပူးပေါင်း၍ ကျေးရွာစုရပ် အဆောက်အဦတည်ဆောက်နိုင်ခဲ့ပါသည်။

၂၀၀၉ ခုနှစ်တွင် စည်ပင်သာယာအဖွဲ့မှ ကျေးရွာချင်းဆက် ကျောက်လမ်းဖောက်လုပ်ခဲ့ပါသည်။

ကောင်းကျိုးမှာ လမ်းပန်းဆက်သွယ်ရေး အနည်းငယ်ကောင်းမွန်ခြင်း၊ သွားလာရလွယ်ကူခြင်းတို့ဖြစ်သည်။

၂၀၀၉ ခုနှစ်မှာ (ADRA) အာဒရာမြန်မာ (Ec) အဖွဲ့ဝင်ရောက်ခဲ့ပါသည်။ ကောင်းကျိုးမှာ ကျန်းမာရေး၊ စိုက်ပျိုးရေး ၊ မွေးမြူရေး၊ အခြေခံစက်မှုလက်မှု အတတ်ပညာ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ တတ်မြောက်ခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်း၊ မိုးရေလှောင်ကန် တည်ဆောက်ပေးခြင်းတို့ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် (Save the Children) NGO ကျေးရွာလူထုပူးပေါင်း၍ ကျန်းမာရေးလည်ပတ်ရုံပွင့်ထူထောင်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် (၅)နှစ်အောက်ကလေးသူငယ်များရှင်သန်ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးအသိပညာများနှင့် ကျန်းမာရေးအထောက်အကူပြုခြင်းတို့ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် (ADRA) အာဒရာမြန်မာ (SILM ) PROJECT အဖွဲ့ဝင်ရောက်ခြင်းကြောင့် အခြေခံစားသောက်ကုန်ထုတ်လုပ်ငန်း အတတ်ပညာတတ်မြောက်ခြင်း၊ ဘေးအန္တရာယ်လျော့ချရေးသင်တန်းများ၊ ဈေးကွက်ဆိုင်ရာအတွေ့အကြုံ ပြောဆိုဆက်ဆံမှုများနှင့် ကျန်းမာရေးဗဟုသုတများ ရရှိပါသည်။

၂၀၁၃ ခုနှစ်တွင် UN Habitat အဖွဲ့ဝင်ရောက်ခြင်းကြောင့် ကျေးရွာတွင် ရေစစ်အိုး၊ မိုးရေလှောင်ကန်၊ ကျောက်စီကန်များ၊ ယင်လုံအိမ်သာများရရှိခြင်း၊ သောက်ရေကန်များပြုပြင်ခြင်းတို့လုပ်ဆောင်ပေးခဲ့ပါသည်။

CS CamScanner

# အစည်းအဝေးမှတ်တမ်း

နေ့စွဲ - ၇-၆-၂၀၁၄

အချိန် - နေ့လည် (၁)နာရီ

နေရာ - အုပ်ချုပ်ရေးမှူးအိမ်

ကြာချိန် - ၁း၅၀ နာရီ

အကြောင်းအရာ။ ။ **ကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယားရေးဆွဲခြင်းမှတ်တမ်း။**

ဗျင်းကျေးရွာ၏ထူးခြားဖြစ်စဉ်ပြဇယားရေးဆွဲနိုင်ရန်အတွက် ကျေးရွာရှိလူကြီးသူမများကို မေးမြန်းဆွေးနွေးခဲ့ရပါသည်။ ၎င်းတို့၏ ပြောကြားချက်များကို မှတ်တမ်းတင်ရေးဆွဲခဲ့ရပါသည်။

ကျေးရွာရှိလူကြီးသူမတို့၏ အတွေ့အကြုံပြောကြားချက်များကို ကျေးရွာလက်ရှိစာအုပ်ဖြစ်မြောက်ရေး သင်တန်းဆင်းလူငယ်များမှ ရေးဆွဲမှတ်တမ်းတင်ခဲ့ကြပါသည်။

| | | |
|---|---|---|
| ပံ့ပိုးသူ | မှတ်တမ်းလိုက်သူ | ရပ်မိရပ်ဖ |
| ဦးမြင့်စိုး | ဒေါ်အမာကြည် | ဦးသန်းဆွေ |
| ဦးမိုးလွင် | ဒေါ်ဇာဇာမိုး | |
| ဦးစိန်မြင့်ကျော် | ဒေါ်အေးထွန်း | |

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာ လိုအပ်ချက်အဆင့်ဆင့်နှိုင်းယှဉ်ပြဇယား

| စဉ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဆေးခန်း ကျွမ်းကျင် ဆရာမနှင့် ဆေးဝါး | | ၁ | ၃ | ၁ | ၁ | ၁ | ၁ | ၈ | ၁ | ၁၀ | ၁၁ | ၆ | ၅ |
| သာရေး နာရေး အတွက် ကားတစ်စီး | | | ၃ | ၄ | ၅ | ၂ | ၂ | ၈ | ၂ | ၁၀ | ၁၁ | ၃ | ၆ |
| လမ်းပြုပြင် (ကတ္တရာလမ်း) | | | | ၃ | ၃ | ၃ | ၃ | ၈ | ၃ | ၁၀ | ၁၁ | ၇ | ၄ |
| ရေကျော် | | | | | ၅ | ၄ | ၄ | ၈ | ၉ | ၁၀ | ၁၁ | ၃ | ၇ |
| မြေဆီလွှာ ထိန်းသိမ်းခြင်း | | | | | | ၅ | ၅ | ၈ | ၉ | ၁၀ | ၁၁ | ၃ | ၉ |
| ကျေးရွာပိုင် ထွန်စက် | | | | | | | ၆ | ၈ | ၆ | ၁၀ | ၁၁ | ၂ | ၁၀ |
| မွေးမြူရေး/ ကာကွယ်၊ ကုသ၊ ပညာပေး | | | | | | | | ၈ | ၉ | ၁၀ | ၁၁ | ၀ | ၁၁ |
| ကျောင်းသုံးပရိဘောဂနှင့် ပြုပြင်ခြင်း | | | | | | | | | ၈ | ၁၀ | ၁၁ | ၈ | ၃ |
| စာကြည့်တိုက်အသစ် ဆောက်ခြင်း | | | | | | | | | | ၁၀ | ၁၁ | ၃ | ၈ |
| မူကြိုကျောင်း | | | | | | | | | | | ၁၁ | ၉ | ၂ |
| ကွန်ကရစ် ခါတ်တိုင်နှင့် လိုအပ်သော ကြိုး | | | | | | | | | | | | ၁၀ | ၁ |

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဖျင်းကျေးရွာ၏ လိုအပ်ချက်နှိုင်းယှဉ်ပြဇယားရေးဆွဲခြင်းအစီရင်ခံစာ

ရက်စွဲ ၁၀-၆-၂၀၁၄

ဖျင်းကျေးရွာ၏ လိုအပ်ချက်နှိုင်းယှဉ်ပြဇယားရေးဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များထဲမှ ဦးစားပေး အဆင့်ဆင့်သတ်မှတ်ပြီး စီစစ်ရွေးချယ်ကြပါသည်။ ကျေးရွာ၏လိုအပ်ချက် ပထမဦးစားပေးအဖြစ် လျှပ်စစ်၊ ကွန်ကရစ်ဓါတ်တိုင်နှင့် လိုအပ်သော လိုင်းကြိုးကိုရွေးချယ်ခဲ့ကြပါသည်။

ဖျင်းကျေးရွာတွင် ၁၉၉၄ခုနှစ်တွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖျင်းကျေးရွာတွင် လျှပ်စစ်မီးလင်းနိုင်ခဲ့ပါသည်။ ယခုလက်ရှိ ဖျင်းကျေးရွာ၏ လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများမှာ သစ်သားတိုင်များဖြစ်၍ လျှပ်စစ်မီးတိုင်များ ကောင်းမွန်စွာပြည့်စုံမှုမရှိခြင်း ၊ သစ်သားတိုင်များဖြစ်သည့်အတွက်ကြောင့် ရေရှည်တည်တံ့ခိုင်မြဲမှုမရှိခြင်း၊ ငွေကုန်ကြေးကျများခြင်း၊ လုပ်အားအချိန်ပေးရခြင်း၊ ဓါတ်တိုင်အတွက် သစ်ပင်ကြီးများခုတ်ယူ သုံးစွဲခြင်းဖြင့် သစ်တောများပြုန်းတီးခြင်းစသည့်တို့မှ ကာကွယ်နိုင်ရန်အတွက် ဓါတ်တိုင်များတောင်းခြင်းဖြစ်ပါသည်။ ဓါတ်တိုင်တွင် သွယ်တန်းသည့်ကြိုးများ ပြည့်စုံမှုမရှိပါသဖြင့် လိုအပ်သောကြိုးများ၊ ကွန်ကရစ်ဓါတ်တိုင်များကို ကျေးရွာလူထုအန္တရာယ်ကင်းစွာသုံးစွဲနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်ပြီး ပထမဦးစားပေးအဆင့် သတ်မှတ်၍ အစီရင်ခံစာတင်ပြအပ်ပါသည်။

မူကြိုကျောင်းကို ဒုတိယဦးစားပေးလိုအပ်ချက်အဖြစ် ရွေးချယ်ရခြင်းမှာ ဖျင်းကျေးရွာရှိ (၅)နှစ်အောက် ကလေးသူငယ်များ၏ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

မူကြိုကျောင်းမရှိသည့်အတွက် မိခင်များမှာ အိမ်မှုကိစ္စကောင်းစွာမလုပ်နိုင်ခြင်း၊ ကလေးများတွင် လည်း ဝတ်စားဆင်ယင်ပြောဆိုဆက်ဆံရာတွင်လည်း ယဉ်ကျေးလိမ္မာမှုနည်းပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက် မှုတွင် အားနည်းခြင်း၊ မူလတန်းအစတွင် ပညာသင်ကြားရာတွင် အခက်အခဲများရှိခြင်း စသည်တို့ကြောင့် လိုအပ်ခြင်း ဖြစ်ပါသည်။

မူကြိုကျောင်းရှိလာမည်ဆိုလျှင် မိခင်များမှာလည်း အိမ်မှုကိစ္စကောင်းစွာလုပ်ဆောင်နိုင်ခြင်း၊ ကလေးများတွင် ပြောဆိုဆက်ဆံ၊ ဝတ်စားဆင်ယင်သွားလာနေထိုင် စားသောက်ရာတွင်လည်း ယဉ်ကျေးလိမ္မာမှု ရှိလာခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း အသိပညာရရှိလာခြင်း၊ အခြေခံပညာမူလတန်းကျောင်း စတက်ရာတွင်လည်း အခက်အခဲနည်းပါးလာခြင်း စသည့်အကျိုးဆက်များဖြစ်လာနိုင်သည့်အတွက် မူကြိုကျောင်းကို ဒုတိယဦးစားပေး လိုအပ်ချက်အဖြစ် ရွေးချယ်ရခြင်းဖြစ်ပါသည်။

ဖျင်းကျေးရွာတွင် ၁၉၈၃-ခုနှစ်၌ အ.မ.က (၁၃၁) အခြေခံပညာမူလတန်းကျောင်းကို ဖျင်းကျေးရွာ တစ်ရွာလုံးအတွက် နိုင်ငံတော်မှ ဖွင့်လှစ်ပေးခဲ့ပါသည်။ လက်ရှိကျောင်းဆောင်မှာ ပျက်စီးနေခြင်းနှင့် အခန်းနေရာ မလုံလောက်ခြင်း၊ လိုအပ်သော ကျောင်းသုံးပရိဘောဂများ မပြည့်စုံခြင်းတို့ကြောင့် ကျောင်းဆောင်သစ် တိုးချဲ့ ရန်နှင့် ကျောင်းသုံးပရိဘောဂများလိုအပ်ပါသည်။

လမ်းပြုပြင်(ကတ္တရာ)လမ်းကို အဆင့်(၄)အဖြစ်ရွေးချယ်ရခြင်းမှာ အများပြည်သူများ သွားလာရလွယ်ကူ ချောမွေ့စေရန်အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၀၉-ခုနှစ်တွင် ကမ္မ-မြစ်ခြေ ကတ္တရာ လမ်းမကြီးမှ ခွဲထွက်၍ ကျေးရွာချင်းဆက်လမ်း (ကျောက်ခင်းလမ်း) ကို စည်ပင်သာယာဝန်ကြီးဌာနမှ လမ်းခင်းပေးခဲ့ပါသည်။ ဖျင်းရွာချင်းဆက်လမ်း၏ အရှည်မှာ ကမ္မ-မြစ်ခြေ ကားလမ်းမ၏ကြား အုံ့ဖွယ်ထူးခြားပေါ်တော်မူညောင်ရွက်ဘုရားမုဒ်မှ အုံ့ဖွယ်ထူးခြားပေါ်တော်မူ ညောင်ရွက်ဘုရား ဝန်းအထိ (၁)မိုင်(၄)ဖာလုံခန့် ကွာဝေးပါသည်။ ယခုလက်ရှိအချိန်တွင် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ဘုရားဖူး

ယာဉ်များသွားလာရာ အဆင်ပြေချောမွေ့စေရန်အတွက် ကတ္တရာလမ်းရရှိစေရန်အတွက် အစီရင်ခံတင်ပြအပ်ပါသည်။

ဆေးခန်းကျွမ်းကျင်ဆရာမနှင့် ဆေးဝါးအပြည့်အစုံကို အဆင့်(၅) အဖြစ်ရွေးချယ်သတ်မှတ်ရခြင်းမှာ သာမန်အဖျားအနာနှင့် သားဖွားခြင်းတို့ကိုသာ ကုသပေးသော ဆေးခန်း၊ ကျွမ်းကျင်သော သားဖွားဆရာမနှင့် ဆေးဝါးပစ္စည်း လိုအပ်ခြင်းဖြစ်ပါသည်။ ယခုလက်ရှိသာမန်ထိခိုက်ရှနာ၊ အဖျားအနာနှင့် သားဖွားခြင်းကိစ္စများကို (၂)မိုင်ခန့်ဝေးသော ချိုင်ကျေးရွာအုပ်စု၊ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ပြသရပါသည်။ ရောဂါဝေဒနာပြင်းထန်ခြင်းနှင့် အရေးတကြီးကုသရန် လိုအပ်သည့်လူနာများကို ကမ္မ(၄)မိုင်ခန့်၊ မြစ်ခြေ (၅)မိုင်ခန့်၊ ပခုက္ကူ(၂၄)မိုင်ခန့် ဝေးသော ခရီးသို့သွားရောက်ကုသရပါသည်။

ထိုသို့ ကျပ်ပြည့်-ကမ္မ-မြစ်ခြေ-ပခုက္ကူတိုက်နယ်ဆေးရုံများသို့ သွားရောက်ကုသရာတွင် ခရီးဝေးကွာခြင်း၊ ငွေကြေးအပိုကုန်ကျခြင်း၊ သွားလာရခက်ခဲခြင်းစသည်တို့ကြောင့် အချို့ဝေဒနာသည်များ အသက်ဆုံးရှုံးခဲ့ရပါသည်။ ယခုလက်ရှိကျေးရွာပိုင် ကျေးလက်ဆေးပေးခန်း၊ ကျွမ်းကျင်သောဆရာမနှင့် ဆေးဝါးအပြည့်အစုံ ရရှိခဲ့ပါက ဖျင်းကျေးရွာအတွင်းရှိ ရွာသူ၊ ရွာသားအားလုံးတို့သည် ရောဂါဝေဒနာဖြစ်ခဲ့ပါက အလွယ်တကူ ကုသနိုင်ခြင်းနှင့် ရောဂါဝေဒနာပြင်းထန်ပါက အချိန်မီညွှန်းပို့နိုင်ခြင်း စသည့်အကျိုးကျေးဇူးတို့ ရရှိမည်ဖြစ်ပါသည်။ ဖျင်းကျေးရွာရှိ လူဦးရေ (၁၀၉၃)ဦးအတွက် ဆေးခန်းကျွမ်းကျင်သောဆရာမနှင့် ဆေးဝါးအပြည့်အစုံ လိုအပ်လျက်ရှိပါသည်။

ဖျင်းကျေးရွာအတွင်းရှိ ရွာသူရွာသားတို့သည် ကျန်းမာရေးအတွက် အရေးပေါ်ကုသရန် လိုအပ်လာပါက ကျပ်ပြည့်-ကမ္မ-မြစ်ခြေ-ပခုက္ကူ စသည့်တိုက်နယ်ဆေးရုံများသို့ သွားလာရာတွင် ခရီးဝေးကွာခြင်း၊ ကားငှားရန် ငွေကြေးမလုံလောက်ခြင်း စသည်တို့ကြောင့် အချို့မှာ အသက်ဆုံးရှုံးရသည်အထိ ကြုံတွေ့ရပါသည်။ လူမှုကူညီရေးကားရရှိခဲ့ပါက အလွယ်တကူ အချိန်မီသွားရောက်ကုသနိုင်ခြင်း၊ ငွေကြေးကုန်ကျမှု သက်သာခြင်း၊ ဖျင်းကျေးရွာအတွင်းရှိ လူနာများ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ကယ်တင်နိုင်ရန်အတွက် လိုအပ်ခြင်းဖြစ်ပါသည်။

ဖျင်းကျေးရွာတွင် ရေကျော်ကို အဆင့်(၇)အဖြစ်ရွေးချယ်သတ်မှတ်ရခြင်းမှာ မိုးများသည်းထန်စွာ ရွာသွန်းနေသည့်အချိန်ကာလတွင် ချောင်းရိုးရေများ စီးဆင်းလာကာ ကျောက်ခင်းလမ်းကို ဖြတ်ကျော်တိုက်စားလာသဖြင့် လမ်းများပျက်စီးသည့်အတွက် နစ်စဉ်ပြုပြင်ရပါသဖြင့် ရေကျော်လိုအပ်ခြင်းဖြစ်ပါသည်။ ရေကျော်ရရှိလာပါက သွားလာမှုလွယ်ကူခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လုပ်ငန်းခွင်တွင် အချိန်မီရောက်ရှိခြင်း၊ လမ်းများရေရှည်တည်တံ့ခိုင်မြဲခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပါသည်။

စာကြည့်တိုက်လိုအပ်ခြင်းမှာ ကျေးရွာအတွင်းရှိ ရွာသူ၊ ရွာသားများအားလုံး၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍တင်ပြအစီရင်ခံခြင်းဖြစ်ပါသည်။

မြေဆီလွှာထိန်းသိမ်းခြင်းလိုအပ်ချက်ကို ရွေးချယ်ခဲ့ရခြင်းမှာ ဖျင်းကျေးရွာတွင် စိုက်ပျိုးမြေဧက (၃၅၀) ခန့်ရှိသော်လည်း မြေဆီလွှာထိန်းသိမ်းနိုင်မှု နည်းပါးခြင်းကြောင့် သီးနှံဖွံ့ဖြိုးမှု အားနည်းနေရပါသည်။ ထို့ကြောင့် မြေဆီလွှာထိန်းသိမ်းခြင်းနည်းပညာနှင့် အရင်းအနှီးလိုအပ်လျက်ရှိပါသည်။

ကျေးရွာပိုင်ထွန်စက်လိုအပ်ခြင်းမှာ ဖျင်းကျေးရွာတွင် စိုက်ပျိုးမြေ(၃၅၀)ဧကခန့် ရှိသော်လည်း နွားရှဉ်းကိုသာ အဓိကအားကိုးထွန်ယက်ရသဖြင့် စိုက်ပျိုးချိန်နောက်ကျခြင်း၊ လုပ်ငန်းတွင်ကျယ်မှု နည်းပါးခြင်း စသည့်တို့ကြောင့် သီးနှံအထွက်နှုန်းများလည်းထိခိုက်ရပါသည်။ ဖျင်းကျေးရွာတွင် ကျေးရွာပိုင်ထွန်စက် ရရှိခဲ့ပါက အချိန်မီပြီးစီးအောင် ထွန်ယက်နိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်အောင် လုပ်နိုင်ခြင်း စသည့်တို့ကြောင့် သီးနှံအထွက်နှုန်း များလည်း တိုးတက်လာမည်ဖြစ်ပါသည်။

# အစည်းအဝေးမှတ်တမ်း

နေ့စွဲ - ၁၀-၆-၂၀၁၄

အချိန် - နံနက် (၁၀)နာရီ မှ နေ့လည် (၂)နာရီ

နေရာ - အုပ်ချုပ်ရေးမှူးနေအိမ်

ကြာချိန် - ၄ နာရီ

အကြောင်းအရာ - ကျေးရွာလိုအပ်ချက် နှိုင်းယှဉ်ပြဇယားရေးဆွဲခြင်း။

ချင်းကျေးရွာ၏ ကျေးရွာလိုအပ်ချက်နှိုင်းယှဉ်ပြဇယားရေးဆွဲရာတွင် ကျေးရွာလိုအပ်ချက်များကို ဖော်ထုတ်၍ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရန် ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ကျေးရွာလိုအပ်ချက်များ ရေးဆွဲရာတွင် လိုအပ်ချက်များသည် များလွန်းသဖြင့် ဦးစားပေးအဆင့်ဆင့်သတ်မှတ်ကာ ရေးဆွဲခဲ့ရပါသည်။ အားလုံး၏ သဘောတူဆုံးဖြတ်မှုဖြင့် ဆေးခန်း ၊ ဆရာမနှင့် ဆေးဝါးလိုအပ်ချက်ကို ပထမဦးစားပေးအဖြစ် ရွေးချယ်ခဲ့ကြပါသည်။ ချင်းကျေးရွာ၏ လိုအပ်ချက်နှိုင်းယှဉ်ပြဇယားရေးဆွဲရာတွင် ရွာသူ/ရွာသားအားလုံးနီးပါး မပြတ်မနေ တက်ရောက်ဆွေးနွေးကြပါရန် ဖိတ်ခေါ်ခဲ့ပါသည်။

| ပံ့ပိုးသူ | မှတ်တမ်းလိုက်သူ | ရပ်မိရပ်ဖ |
|---|---|---|
| ဦးမြင့်မိုး | ဒေါ်အမာကြည် | ဦးသန်းဝေ |
| ဦးမိုးလွင် | ဒေါ်ဇာဇာမိုး | |
| ဦးမိုးနိုင် | ဒေါ်အေးထွန်း | |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရှိုင်အုပ်စု၊ ဖျင်းကျေးရွာ၏

ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ အခြေအနေတင်ပြချက်

၂၀၁၄ ခုနှစ်၊ ဇွန် လ

| စဉ် | ဆောင်ရွက်လိုသည့်လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျစရိတ် (ကျပ်သိန်း) | လုပ်ငန်းဆောင်ရွက်ရန် ရံပုံငွေရရှိမှု (ကျပ်သိန်း) | | | | အကျိုးပြုအိမ်ထောင်စု | စိမ်းကိန်းလွှမ်းခြုံမည့်ဧက/ဦးရေ | ဦးစားပေးအဆင့် | လုပ်ငန်းတိုးတက်မှုအခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူထည့်ဝင်မှု | နိုင်ငံတော်မှဆောက်ရွက်ပေးရန် | နိုင်ငံခြားအကူအညီအထောက်အပံ့ | စုစုပေါင်း | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ကွန်ကရစ်ဓာတ်တိုင်နှင့်လိုအပ်သောကြိုး (တိုင်-၄၀လုံး/ကြိုး-၄၀၀ကိုက်) | သိန်း(၆၀) | (၁၀)သိန်း | သိန်း(၅၀) | - | သိန်း(၆၀) | ၁၇၅ | - | ၁ | |
| ၂ | မူကြိုကျောင်းဆောင် ဆရာ/မ (၄ပင် ပတ်လည်) | (၆၅)သိန်း | (၇)သိန်း | (၅၈)သိန်း | - | (၆၅)သိန်း | ၁၇၅ | - | ၂ | |
| ၃ | ကျောင်းသုံးပရိဘောဂနှင့် ကျောင်းဆောင် သစ်တိုးချဲ့ခြင်း၊ စားပွဲ၊ ထိုင်ခုံ၊ ၅ပင်၊ ၈ပင် | သိန်း(၃၀၀) | (၁၀)သိန်း | သိန်း(၂၉၀) | - | သိန်း(၃၀၀) | ၁၇၅ | - | ၃ | |
| ၄ | လမ်းပြုပြင်ခြင်း၊ (ကတ္တရာလမ်း) ကမ္ဘ-မြစ်ခြေလမ်းမှ (၁မိုင်၄ဖာလုံခန့်) | သိန်း(၂၅၀) | လုပ်အား | သိန်း(၂၅၀) | - | သိန်း(၂၅၀) | ၇ရွာ | ၇ရွာ | ၄ | |
| ၅ | ဆေးခန်း၊ ဆေးဝါး၊ ကျန်းမာရေးဆရာမ (အလျား ၁၈ပေ၊ အနံ ၁၄ပေ) | သိန်း(၄၀) | မြေနေရာ | သိန်း(၄၀) | - | သိန်း(၄၀) | ၁၇၅ | - | ၅ | |
| ၆ | လူမှုကူညီရေးကား | သိန်း(၅၀) | - | သိန်း(၅၀) | - | သိန်း(၅၀) | ၁၀ရွာ | ၁၀ရွာ | ၆ | |

စာရင်းပြုစုသူ

လက်မှတ် (signature)

အမည် ဒေါ်အမာကြည်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာ၏

ဒေသဖွံ့ဖြိုးရေးအတွက် ဆောက်ရွက်ရန် လိုအပ်ချက်များ အခြေအနေတင်ပြချက်

၂၀၁၄ ခုနှစ်၊ ဇွန် လ

| စဉ် | ဆောင်ရွက်လိုသည့်လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျစရိတ် (ကျပ်သိန်း) | လုပ်ငန်းဆောင်ရွက်ရန် ရံပုံငွေရရှိမှု (ကျပ်သိန်း) | | | | အကျိုးပြု အိမ်ထောင်စု | စိမ့်ကိန်း လွှမ်းခြုံမည့် ဧက/ဦးရေ | ဦးစားပေး အဆင့် | လုပ်ငန်း တိုးတက်မှု အခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ့ထည့်ဝင်မှု | နိုင်ငံတော်မှ ဆောက်ရွက်ပေးရန် | နိုင်ငံခြားအကူအညီ အထောက်အပံ့ | စုစုပေါင်း | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၇ | ရေကျော်(နှီးကူး)၂နေရာ (အရှည် ၅၀ပေ၊ အကျယ် -၂၀ပေ) | သိန်း(၃၀) | လုပ်အား | သိန်း(၃၀) | - | သိန်း(၃၀) | ၁၇၅ | - | ၇ | |
| ၈ | စာကြည့်တိုက်အဆောင် (အလျား- ၁၈ပေ၊ အနံ - ၁၂ပေ) | သိန်း(၄၀) | (၅)သိန်း | (၃၅)သိန်း | - | သိန်း(၄၀) | ၁၇၅ | - | ၈ | |
| ၉ | မြေဆီလွှာသိန်းသိမ်းခြင်း | သိန်း(၁၀၀) | - | သိန်း(၁၀၀)နှင့် နည်းပညာ | - | သိန်း(၁၀၀) | ၁၇၅ | ဧက(၃၅၀) | ၉ | |
| ၁၀ | ကျေးရွာပိုင်လွှန်စက် | သိန်း(၃၀၀) | သိန်း(၅၀) | သိန်း(၂၅၀) | - | သိန်း(၃၀၀) | ၁၇၅ | ဧက(၃၅၀) | ၁၀ | |
| ၁၁ | မွေးမြူရေး ကာ/ကွယ်/ကုသ/ပညာပေး | နည်းပညာ | - | နည်းပညာ | - | နည်းပညာ | ၁၇၅ | - | ၁၁ | |


စာရင်းပြုစုသူ

လက်မှတ်

အမည် ဒေါ်အေးမာကြည်

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ချိုင်ဒုဇိပ်ရှိ၊ ဗျူဟဝါချွန်း ရွာ၏ အမျိုးသမီးဆိုင်ရာသုံးသပ်ခြင်း/ ထမ်းစစ်ခြင်း

ရက်စွဲ ။ ၁၄-၇-၂၀၁၄



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်အုပ်စု၊ ဗျင်းကျေးရွာ၏
## အမျိုးသမီးများဆိုင်ရာ သုံးသပ်ချက်၊ ဆန်းစစ်ချက် အစီရင်ခံစာ

ရက်စွဲ၊ ၁၀-၇-၂၀၁၄

ဗျင်းကျေးရွာ၏ အမျိုးသမီးဆိုင်ရာ သုံးသပ်ချက်၊ ဆန်းစစ်ချက် ရေးဆွဲရာတွင် ကျေးရွာလူထုအားလုံး ပျော်ရွှင်စွာ ရေးဆွဲခဲ့ကြပါသည်။ အမျိုးသမီးနှင့် အမျိုးသားတို့၏ ဆုံးဖြတ်ချက်များသည် ငြင်းခုန်ရသည်အထိ ရှိခဲ့ပါသည်။ အမျိုးသမီးတို့၏ သုံးသပ်ချက်များတွင် ကျန်းမာရေးစောင့်ရှောက်မှု (၇၀%)၊ ရပ်ရွာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု (၂၀%)၊ ခေါင်းဆောင်မှု (၄၀%)၊ အရင်းအမြစ်ပေါ် လက်လှမ်းမှီနိုင်မှု (၄၀%)၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု (၅၀%)၊ ရပ်ရွာတွင် ဆုံးဖြတ်ချက်ချနိုင်မှု (၄၀%)၊ ပညာတတ်မြောက်မှု (၆၀%)၊ လုံခြုံမှု (၄၀%)၊ အိမ်မှုကိစ္စဆောင်ရွက်မှု (၉၀%)၊ ဝင်ငွေရှာနိုင်မှု (၅၀%)၊ တို့ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။

အမျိုးသားတို့၏ သုံးသပ်ချက်၊ ဆန်းစစ်ချက်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှု (၃၀%)၊ ရပ်ရွာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု (၈၀%)၊ ခေါင်းဆောင်မှု (၆၀%)၊ အရင်းအမြစ်ပေါ်လက်လှမ်းမှီနိုင်မှု (၆၀%)၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု (၅၀%)၊ ရပ်ရွာတွင် ဆုံးဖြတ်ချက်ချနိုင်မှု (၈၀%)၊ ပညာတတ်မြောက်မှု (၄၀%)၊ လုံခြုံမှု (၉၀%)၊ အိမ်မှုကိစ္စဆောင်ရွက်မှု (၁၀%)၊ ဝင်ငွေရှာနိုင်မှု (၈၀%) တို့ ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။

### အစည်းအဝေးမှတ်တမ်း

နေ့စွဲ - ၁၀-၇-၂၀၁၄

အချိန် - နေ့လည် (၁)နာရီ

နေရာ - အုပ်ချုပ်ရေးမှူးနေအိမ်

ကြာချိန် - ၂း၃၀ နာရီ

အကြောင်းအရာ။ ။**အမျိုးသမီးဆိုင်ရာသုံးသပ်ချက်၊ ဆန်းစစ်ချက်ရေးဆွဲခြင်းမှတ်တမ်း။**

ဗျင်းကျေးရွာ၏ အမျိုးသမီးဆိုင်ရာ သုံးသပ်ချက်၊ ဆန်းစစ်ချက်ရေးဆွဲရာတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ ရပ်ရွာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ခေါင်းဆောင်မှု၊ အရင်းအမြစ်ပေါ်လက်လှမ်းမှီနိုင်မှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ရပ်ရွာတွင်ဆုံးဖြတ်ချက်ချနိုင်မှု၊ ပညာတတ်မြောက်မှု၊ လုံခြုံမှု၊ အိမ်မှုကိစ္စဆောင်ရွက်မှုနှင့် ဝင်ငွေရှာနိုင်မှုတို့၏ သုံးသပ်ချက်၊ ဆန်းစစ်ချက်တို့ကို ဆွေးနွေးရေးဆွဲခဲ့ကြပါသည်။

| ပံ့ပိုးသူ | မှတ်တမ်းလိုက်သူ | ရပ်မိရပ်ဖ |
|---|---|---|
| ဦးမြင့်စိုး | ဒေါ်အမာကြည် | ဦးသန်းငွေ |
| ဦးမိုးလွင် | ဒေါ်ဇာဇာမိုး | |
| ဦးရဲရွှေ | ဒေါ်အေးထွန်း | |